# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၂ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၄၁)


**ဒို့တာဝန်အရေး(၃)ပါး**

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂**

၂၀၁၂ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံသမ္မတ ဒေါက်တာဂျော်ဂျီယို၊ နာပိုလီတာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂**

၂၀၁၂ ခုနှစ် ဇွန် ၂ ရက်တွင် ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ မာရီယို မွန်တီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ထိုင်းနိုင်ငံသို့သွားရောက်မည့် ချစ်ကြည်ရေးခရီးစဉ်ရွှေ့ဆိုင်း

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၂ ခုနှစ် ဇွန် ၄ ရက်မှ ၅ ရက်အထိ သွားရောက်မည့် ထိုင်းနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အား အကြောင်းမညီညွတ်ပါသဖြင့် ရွှေ့ဆိုင်းလိုက်ပြီး နှစ်နိုင်ငံ အဆင်ပြေမည့်အချိန်ကို ပြန်လည်ညှိနှိုင်း စီစဉ်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## (၉)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်

**နေပြည်တော် ဇွန် ၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မေ ၂၉ ရက် နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားသို့ အာရှပစိဖိတ်ဒေသနိုင်ငံများမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အာရှပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင် အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာ (Dr.Noeleen Heyzer)၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ် (Dr. Surin Pitsuwan)၊ အာရှပစိဖိတ်ဒေသ ရုပ်သံလွှင့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (AIBD) ညွှန်ကြားရေးမှူး မစ္စတာယန်ဘင်ယွန်း (Mr.Yang Binyuan)၊ ထိုင်းရုပ်သံလွှင့်ဌာန (Thai PBS) *စာမျက်နှာ ၃ ကော်လံ ၃* ❒



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာရှမီဒီယာ ထိပ်သီးဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ လှည်းတန်းမီးပွိုင့်အနီး ရန်ကုန်တက္ကသိုလ်ဘက်ခြမ်းတွင် လမ်းချဲ့ထွင်၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



## ၂၁ ရာစု ရန်ကုန်မြို့ ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ မဟာဗျူဟာတစ်ရပ်ဆီသို့ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁**

Yangon Heritage Trust မှ ကြီးမှူးကျင်းပသည့် "၂၁ရာစု ရန်ကုန်မြို့ ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ မဟာဗျူဟာတစ်ရပ်ဆီသို့" (Towards a Conservation Strategy for Yangon in the 21st Century) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကျောက်တံတားမြို့နယ်ရှိ Strand Hotel ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ဗိသုကာပညာရှင်များ၊ မြို့ပြစီမံကိန်းရေးဆွဲသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ *စာမျက်နှာ ၆ ကော်လံ ၄* ❖

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇွန် ၂ ရက်)

# အစိမ်းရောင် စီးပွားရေးဆီသို့

လာမည့် ဇွန် ၅ ရက်နေ့သည်ကား ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ပင်ဖြစ်သည်။ နှစ်စဉ်ထိုနေ့ရောက်တိုင်း ကမ္ဘာတစ်ဝန်းနိုင်ငံအသီးသီးတို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားများ ကျင်းပလေ့ရှိကြသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လူတိုင်း သတိပြုလိုက်နာစေရေးအတွက် ရည်ရွယ်လျက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကျင်းပခြင်းဖြစ်သည်။

နှစ်စဉ် ဇွန် ၅ ရက်ရောက်တိုင်း ကုလသမဂ္ဂ ကမ္ဘာ့ပတ်ဝန်းကျင်အစီအစဉ်က ကြီးမှူးပြီး ဆောင်ပုဒ်တစ်ခု သတ်မှတ်ထုတ်ပြန်ကာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားများ ကျင်းပစေလျက်ရှိသည်။ ယခုနှစ်ဆောင်ပုဒ်မှာ ပတ်ဝန်းကျင် မပျက်ယွင်းစေသော အစိမ်းရောင်စီးပွားရေး သင်တို့အားလုံး ပါဝင်ဆောင်ရွက်ပေး (Green Economy; Does it include you?) ဟူ၍ ဖြစ်သည်။

အစိမ်းရောင်စီးပွားရေးဟူသော စကားရပ်သည် ပေါ်ပေါက်လာသည်မှာ မကြာသေးပေ။ သို့သော် ယခုအခါ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းသူ ပညာရှင်တို့အကြား တွင်တွင်ကျယ်ကျယ်သုံးနှုန်းပြောဆိုနေကြသည့် စကားရပ်ဖြစ်လာသည်။ ထိုစကားရပ်ပေါ်ပေါက်လာရခြင်းအကြောင်းကား ရှိသည်။ စက်ရုံအလုပ်ရုံသစ်များ ချဲ့ထွင်ခြင်း၊ မြို့သစ်ရွာသစ်များ ချဲ့ထွင်ခြင်းနှင့် ဓာတ်သတ္တုရှာဖွေခြင်း စသော စီးပွားရေးလုပ်ငန်းအမျိုးမျိုးတို့ကြောင့် သစ်တောများပြုန်းတီးကာ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးလျက်ရှိသည်။ ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လိုအပ်လာ၏။ ထို့ကြောင့် လေစွမ်းအင်၊ နေစွမ်းအင်၊ ရေစွမ်းအင် စသည်ဖြင့် ပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ စွမ်းအင်များထုတ်လုပ်ခြင်းကို အစိမ်းရောင်စီးပွားရေးဟူ၍ ခေါ်ဆိုကြ၏။

အစိမ်းရောင်စီးပွားရေးကို လူတိုင်းပင်လုပ်ကိုင်နိုင်၏။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လုပ်ကိုင်နေသူမှန်သမျှသည် အစိမ်းရောင်စီးပွားရေးကို လုပ်ကိုင်နေသူဟုဆိုနိုင်၏။ ယခုကဲ့သို့ မိုးကာလသစ်ပင်စိုက်ပျိုးရေးလတွင် သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းသည် အစိမ်းရောင်စီးပွားရေးကို ဆောင်ရွက်နေခြင်းပင်ဖြစ်၏။ မကြာမီကာလအတွင်း သစ်ပင်စိုက်ပျိုးရေးပွဲတော်များ နိုင်ငံနှင့်အဝန်းကျင်းပပေဦးမည်။ ကမ္ဘာ့ပတ်ဝန်းကျင်ဆောင်ပုဒ်နှင့်အညီ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် အစိမ်းရောင်စီးပွားရေးကို ဆောင်ရွက်ကြပေဦးမည်။

သစ်တောသစ်ပင်များ ခုတ်လှဲခြင်း၊ တောမီးရှို့ခြင်း၊ တောင်ယာခုတ်ခြင်းတို့သည် ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေ၏။ သစ်တောများပြုန်းတီးလာသဖြင့် ကမ္ဘာနှင့်အဝန်း မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ တောမီးလောင်ခြင်းစသော သဘာဝဘေးအန္တရာယ်များဖြစ်ပွားလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးသော လုပ်ငန်းဟူသမျှသည် အစိမ်းရောင်စီးပွားရေးကို ဆောင်ရွက်လုပ်ကိုင်ရာမရောက်ပေ။

သို့ဖြစ်ပါ၍ လူတိုင်းလူတိုင်းသည် ပတ်ဝန်းကျင်မပျက်စီးစေရန် ဝိုင်းဝန်းထိန်းသိမ်းသင့်ပေသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်ပေ။ ပင်ကိုအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်နိုင်ပေလိမ့်မည်။ ထို့ကြောင့် မပျက်ယွင်းစေသော အစိမ်းရောင်စီးပွားရေးအရှည်ဖြစ်ထွန်းနိုင်စေရန် အားလုံးကပါဝင်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

## မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက်က အထက (၁) ကျောင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောလှထွန်းက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွန့်က ကျောင်းနေအရွယ်ကလေး ကျောင်းနေရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုကော်မတီဝင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက အမှာစကားပြောကြားပြီးနောက် အလှူရှင်များအား တာဝန်ရှိသူအသီးသီးက ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်အတွင်းရှိ ထက်၊ လယ်၊ မူ ကျောင်း ၃၀မှ ချို့တဲ့ ကျောင်းသားကျောင်းသူ ၂၁၃ ဦးအား ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောပိုးအိတ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၀၂၇)**



## ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇွန် ၁

မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ (၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဇွန် ၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း အမှတ် ၃၅/၈၇ အဆောင်(စီ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးဝင်း (ယခင်စာရင်းစစ်ချုပ်ရုံး)၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(၁၆၈)**



## အသေးစားချေးငွေလုပ်ငန်း မင်းဘူး၌ အစည်းအဝေး ကျင်းပ

မင်းဘူး ဇွန် ၁

မင်းဘူးမြို့ အမှတ်(၁) နယ်မြေ အလင်းရောင်အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၂၀ ရက် နံနက် ၉ နာရီက မင်းဘူးမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မြင့်က အမှာစကားပြောကြားပြီးနောက် အသင်း၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းက အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ အခမ်းအနားတွင် အသင်း စည်းကမ်းလိုက်နာသည့်အပြင် ဝိုင်းကြီးချုပ်မပျက် တာဝန်ကျေငွေပေးသွင်းသည့် ဝိုင်းကြီးချုပ်(၃)ခုအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် သ/မ)**

## ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ဟသ္သာတ ဇွန် ၁

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ် ရွှေကျောင်းစာသင်တိုက်ကြီးမှ အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်းငါးကျမ်း(ပိဋကနှစ်ပုံခွဲ)ကို အောင်မြင်တော်မူသော အရှင်သုခိန္ဒိယအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ဟသ္သာတမြို့ ရွှေကျောင်းစာသင်တိုက်ကြီးတွင် မေ ၂၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိုးကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဓမ္မာစာရဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဧရာဝတီတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီးဌာနဝန်ကြီး ဦးစိုးမြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဘွဲ့လက်မှတ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အရှင်သုခိန္ဒိယအား ဝန်ကြီးဦးစိုးမြင့်က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၀၇၅)**

## ကျောင်းအပ်နှံရေးနေ့ ကျင်းပ

ရွှေကျင် ဇွန် ၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် မေ ၂၈ ရက်က အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအုန်းမြင့်က ကျောင်းအပ်နှံမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျောင်းနေရန်အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူ ၁၄၂ ဦးအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ခဲတံ၊ လွယ်အိတ်များကို ပေးအပ်သည်။ **(အောက်ပုံ)** ဆက်လက်၍ အလှူရှင်များက အလှူငွေများ ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ **(၀၀၁)**



## စဉ့်ကူးမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

စဉ့်ကူး ဇွန် ၁

မိုးရာသီ သစ်ပင်စိုက်ပျိုးရေး ပြင်ဦးလွင်ခရိုင် ငါးမြို့နယ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃၁ ရက် နံနက် ၁၀ နာရီက စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမော်-၃ က ခရိုင်အတွင်း ငါးမြို့နယ်တွင် ၂၀၁၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်းနှင့် မိုးကုတ်မြို့နယ်တို့မှ သစ်တောဦးစီးမှူးတို့က မိမိတို့မြို့နယ်အလိုက် ၂၀၁၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများကို ပုံစံကားချပ်များနှင့်တကွ ရှင်းလင်းတင်ပြကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ဖြည့်စွက်ရှင်းလင်းတင်ပြချက်များအပေါ် ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ မှာကြားသည်။

၂၀၁၂ ခုနှစ် မိုးရာသီတွင် ပြင်ဦးလွင်မြို့နယ်၌ ၁၅၉၈၉၅ ပင်၊ မတ္တရာမြို့နယ်တွင် အပင်၁၇၁၁၀၀၊ စဉ့်ကူးမြို့နယ်တွင် အပင် ၁၆၇၈၂၀ ၊ သပိတ်ကျင်းမြို့နယ်တွင် ၁၃၂၃၃၅ ပင်နှင့် မိုးကုတ်မြို့နယ်တွင် အပင် ၉၉၀၅၀တို့ကို ပြည်သူများနှင့် ပူးပေါင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၄၃၃)**

## တိုင်းရင်းဆေး ဆရာဖြစ် သင်တန်းဖွင့်

ကျောက်ဆည် ဇွန် ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တိုင်းရင်းဆေးဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းက အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းနှင့် အသင်းဝင်များ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့တို့မှ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ ကျောက်ဆည်ခရိုင် တိုင်းရင်းဆေးကုဌာန ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်မေကြည်ဦးနှင့်ဝန်ထမ်းများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(၄၀၈)**

**ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်**

**(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်း မပြုစေရန်။**

**(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်း မီးကျန်များကို ငြိမ်းသတ်ထားရန်။**

**(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူး သတိပြုသုံးစွဲရန်။**

မီးသတ်ဦးစီးဌာန

## အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

ပဲခူး ဇွန် ၁

ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်(ပဲခူးမြို့)က ကြီးမှူး၍ ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလွတ်တန်း ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို မေ ၂၄ ရက်က ပဲခူးမြို့ အထက (၂) ကျောင်းခန်းမ၌ ကျင်းပသည်။

**ချီးမြှင့်သွားမည်**

ပြိုင်ပွဲတွင် အလယ်တန်းနှင့်အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(ဝဲပုံ)** ပြိုင်ပွဲကို တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး ဆုရရှိသူများအား ဇူလိုင် ၇ ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၁၀)**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပြည်ပသတင်းဌာနများနှင့်တွေ့ဆုံ ပြန်ကြားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး



နေပြည်တော် ဇွန် ၁

(၉)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိနေသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် BBC သတင်းဌာန ညွှန်ကြားရေးမှူး Mr.Peter Horrocks နှင့်အဖွဲ့အားလည်းကောင်း၊ ထိုင်းနိုင်ငံဆိုင်ရာ ဂျာမန်သံရုံးမှ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုသံမှူး Ms. Annette Se'veryနှင့် DW(ဂျာမန်)သတင်းဌာနအားလည်းကောင်း၊CFI (ပြင်သစ်) သတင်းဌာနမှ အာရှနှင့်ဥရောပဆိုင်ရာ ညှိနှိုင်းရေးမှူး Nicolas SANSON နှင့် အဖွဲ့အားလည်းကောင်း လက်ခံတွေ့ဆုံပြီး **(ယာပုံ)** တိုင်းရင်းသားကဏ္ဍ ရေဒီယိုတိုးချဲ့ထုတ်လွှင့်ရေး၊ တိုင်းရင်းသားရုပ်မြင်သံကြား Channel အသစ်တစ်ခုတိုးချဲ့ထုတ်လွှင့်ရေး၊ အသံလွှင့်နှင့် ရုပ်မြင်သံကြားဆိုင်ရာ ကျွမ်းကျင်သူများ လေ့ကျင့်သင်ကြား ပျိုးထောင်ပေးရေးအတွက် မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန ထူထောင်ဆောင်ရွက်ရေး၊ MRTV ကို Public Service Broadcasting အဖြစ် အဆင့်ဆင့်ကူးပြောင်းဆောင်ရွက်ရေးစသည့် ကဏ္ဍများတွင် ပူးပေါင်းကူညီ ဆောင်ရွက်ပေးရေးအတွက် အသေးစိတ်ဆွေးနွေး ညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတကာအဆင့်မီ ဒိုင်/နည်းပြများ တိုးပွားဖြစ်ထွန်းလာစေရေး အားကစားနည်းအလိုက် ဒိုင်/နည်းပြသင်တန်းများ စဉ်ဆက်မပြတ်ပို့ချ

နေပြည်တော် ဇွန် ၁

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုနှင့် ဝူရှူးအားကစားအဖွဲ့ချုပ်တို့ပူးပေါင်းဖွင့်လှစ်သည့် တိုက်ကွမ်ဒိုနှင့် ဝူရှူးအားကစား နည်းပြနှင့်ဒိုင်သင်တန်း





ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရွှေကြာပင် အားကစားလေ့ကျင့်ရေးစခန်းရှိ သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အားကစား တိုးတက်မြင့်မားရေးအတွက် နိုင်ငံတကာအဆင့်မီ ဒိုင်/နည်းပြများ တိုးပွားဖြစ်ထွန်းလာစေရန် အားကစားနည်းအလိုက် ဒိုင်/နည်းပြ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် "အားကစား အောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို ရောင်ပြန်ဟပ်စေသည်" "အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်" ဟူသည့် လေးနက်သော ခံယူချက်များချမှတ်ကာ အားကစား တိုးတက်မြင့်မားရေးလုပ်ငန်းများတွင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အားကစားလေ့ကျင့်ရေးစခန်း၌ လေ့ကျင့်လျက်ရှိသည့် မျိုးဆက်သစ် အားကစားသမားများ၏ နည်းပြနှင့် အုပ်ချုပ်မှုအဖွဲ့များအား ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အားကစားလေ့ကျင့်ရေးစခန်းတာဝန်ခံ ဦးမြသန်းထိုက်နှင့် အားကစားနည်းအလိုက် လေ့ကျင့်ရေးတာဝန်ခံများက စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားနည်းပြများ၏ လေ့ကျင့်မှု အခြေအနေ၊ လေ့ကျင့်ရေးဇယားများနှင့် စံချိန်စံညွှန်းများ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့်အခြေအနေ၊ အားကစားနည်းအလိုက် ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲအမျိုးအစားများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အားကစားသမားများ လေ့ကျင့်ချိန်ကို ပြိုင်ပွဲကျင်းပမည့် ပကတိအချိန်များတွင် ပြောင်းလဲလေ့ကျင့်ပေးရေး၊ လိုအပ်သည့် အားကစားသမားများအား Champion Challenge Cup ပြိုင်ပွဲများ၊ အားကစားနှင့် ကာယပညာသိပ္ပံများ၊ အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး ကျောင်းများနှင့် တပ်မတော် (ကြည်း/ရေ/လေ) အားကစားပြိုင်ပွဲများမှ ထပ်မံရွေးချယ်စခန်းသွင်းလေ့ကျင့်ပေးရေး၊ စခန်းတာဝန်ရှိ အုပ်ချုပ်သူနည်းပြများအနေဖြင့် စည်းကမ်းသည် ပထမ၊ စံချိန်သည် ဒုတိယဆိုသည့်ဆောင်ပုဒ်နှင့်အညီ စနစ်တကျအုပ်ချုပ်၊ ကွပ်ကဲ၊ ဖြည့်ဆည်းပေးကာ စည်းစည်းလုံးလုံး လေ့ကျင့်ကြိုးစားကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂-၆-၂၀၁၂ (စနေနေ့)

**နံနက်ပိုင်း**

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း

**နေ့လယ်ပိုင်း**

၁၁း၅၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာစွမ်းအား**(အပိုင်း-၉)
၁၃း၅၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

**ညပိုင်း**

၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ
-ဒုတိယနှစ်
(ဓာတုဗေဒအထူးပြု)
(ဓာတုဗေဒ)
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများတဲ့အချစ်**(အပိုင်း-၃)
၈း၀၀ ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်းများ
-မိုးလေဝသအခြေအနေ

## ဒီကိစ္စလေးတွေ ဖြေရှင်းပေးပြီးမှ အရေးယူရင်ကောင်းမလားလို့ပါ

နေပြည်တော် ဇွန် ၁

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဇွန် ၁ရက် သတင်းစာများတွင် နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာ (Money Changer Counter)များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ညောင်ရွှေ ဟဲဟိုး၊ စစ်တွေ၊ ညောင်ဦးနှင့် မူဆယ်တို့တွင် စုစုပေါင်း ၆၂ခု ဖွင့်လှစ်ထားကြောင်း၊ နိုင်ငံခြားငွေများ လဲလှယ်ရောင်းဝယ်ရာတွင် အဆင်ပြေလွယ်ကူစေရေးအတွက် အဆိုပါ ကောင်တာများအား ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ရာ သတ်မှတ်နေရာများတွင်သာ လဲလှယ်ရောင်းဝယ်မှုပြုလုပ်ကြရန်နှင့် တရားမဝင် ရောင်းဝယ်သူများအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်ကို ဖတ်ရှုလိုက်ရသည်။

မိမိကိုယ်တိုင် (Money Changer Counter)တွင် ငွေသားလဲလှယ်စဉ် သာမန်မျက်စိဖြင့် ဘာပြစ်ချက်မှ မသိသာသော ၁၀၀တန်ဒေါ်လာအသစ်စက်စက်နှစ်ရွက်ကို လဲလှယ်ရန် ငြင်းဆိုခံရခြင်း၊ အကြောင်းပြချက်မပေးခြင်း၊ မေးမြန်းမှုကို ကျေနပ်အောင်၊ ရေလည်အောင်ဖြေရှင်းပေးမှုမရှိခဲ့ခြင်း၊(အခြားကောင်တာ တစ်ခုက ၎င်းဒေါ်လာ ၁၀၀တန်နှစ်ရွက်ကို အလွယ်တကူ လဲလှယ်ပေးခဲ့ပါသည်။) မိမိရုံးမှ ဝန်ထမ်းအား သွားရောက်လဲလှယ်ရန် ဒေါ်လာ ၃၀၀၀ပေးလိုက်စဉ် တရားဝင် ၂၀၀၀သာ လဲလှယ်လို့ရသဖြင့် ပြင်ပတွင် ၁၀၀၀လဲလှယ်ခဲ့ရခြင်းစသည်တို့ကို အမှတ်ရမိနေသည်။

ကောင်တာများတွင် ငွေလဲစဉ် နိုင်ငံသားများကိုရော၊ နိုင်ငံခြားသားများကိုပါ ဒေါ်လာနွမ်းလို့၊ ကြေလို့စသည်ဖြင့် အမျိုးမျိုးငြင်းပယ်မှုများရှိသည်ကို တွေ့ခဲ့ရသူတစ်ဦးက တရားဝင်မှာ လဲလှယ်လို့မရရင် တရားမဝင်က ဈေးနှုန်း ၁၀၊ ၁၅ကျပ် ကွာပေမယ့် အပြင်မှာပဲသွားလဲမှုတွေ ရှိနေဦးမှာဟု ထင်မြင်ချက်ပေးသည်။

ထို (Money Changer Counter) များက ဒေါ်လာအနွမ်းကိစ္စ၊ အနည်းငယ်ကြေသည့်ကိစ္စတို့ကို တစ်စုံတစ်ခုဖြေရှင်းပေးနိုင်ကြလျှင် ပြင်ပတွင် ငွေအလျှော့ခံ၍သွားလဲသူ တော်တော်တန်တန် လျော့နည်းသွားမည်ထင်မြင်ပါကြောင်း တင်ပြလိုက်ရပါသည်။ **(ဖိုးသက်)**

### ❒ ရှေ့ဖုံးမှ

ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာ သပ်ချိုင်ယောင် (Mr. Thapchai Yong)၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာကျိုဟိုလင်း (Mr. Zhao Houlin) နှင့် အာရှပစိဖိတ်ဒေသတွင်းရှိ နိုင်ငံပေါင်း (၆၂)နိုင်ငံမှ အစိုးရနှင့် ပုဂ္ဂလိက ရုပ်သံလွှင့်လုပ်ငန်းအဖွဲ့အစည်းများမှအဆင့်မြင့်အရာရှိများ၊ အကြီးအကဲများ၊ ကျွမ်းကျင်သူများ၊ ရုပ်သံလွှင့်မီဒီယာသမားများ စုစုပေါင်း (၆၀၀) ခန့် တက်ရောက်သည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) ညွှန်ကြားရေးမှူးချုပ် မစ္စအိုင်ရီနာ ဘိုကိုဗာ (Ms. Irina Bokova)၏ ဗီဒီယိုမိန့်ခွန်းအား ပြသသည်။ ဆက်လက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံမှ (၉)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲသို့ ပေးပို့သည့် သဝဏ်လွှာကို ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်နှင့် အာရှပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင်အမှုဆောင်အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာက ဖတ်ကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ" ဖွံ့ဖြိုးတိုးတက်မှုနှင့် ပဋိပက္ခအကြား မီဒီယာ၏ အခန်းကဏ္ဍ" (Media, Development and Conflict: Can Media Make a Difference?) စာတမ်းအားလည်းကောင်း၊ "မီဒီယာနှင့် ရင်းနှီးကျွမ်းဝင်သော လူ့အဖွဲ့အစည်း တည်ဆောက်ရေး" (Building a Media-Literate Public) စာတမ်းအားလည်းကောင်း ဝိုင်းဝန်းဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲ၌ ခင်းကျင်းပြသထားသည့် Mediahub Market and Networking ပြခန်းများအား ကြည့်ရှုလေ့လာသည်။ အာရှမီဒီယာ ထိပ်သီးဆွေးနွေးပွဲတွင် အာရှပစိဖိတ်နိုင်ငံများမှ အစိုးရနှင့် ပုဂ္ဂလိက ရုပ်သံလွှင့်လုပ်ငန်းများက Mediahub Market and Networking ပြခန်းပေါင်း ၃၇ခန်း ခင်းကျင်းပြသထားပြီး မြန်မာနိုင်ငံမှ MRTV-4 ပြခန်းလည်း ပါဝင်ပြသထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇွန် ၁

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PETRO VIETNAM EXPLORATION PRODUCTION OVERSEAS Co.,Limited. မှ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် Geophysical Survey နှင့် Geotechnical တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV DAYANG SARI နှင့် MV VOLANS တို့ဖြင့် ဆောင်ရွက်မည့် တည်နေရာဧရိယာဖြစ်သော Block M 2 (SURVEY AREA) Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၉မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၅ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၁ မိနစ်အတွင်းတွင် ၂၀၁၂ ခုနှစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အဆိုပါ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 ၌ Geophysical Survey နှင့် Geotechnical လုပ်ငန်းများဆောင်ရွက်ရာတွင် မူလကြေညာသတ်မှတ်ထားသည့်နေ့ရက်တွင် အချိန်မီပြီးစီးနိုင်ခြင်း မရှိပါသဖြင့် တိုင်းတာရေးလုပ်ငန်းများကို ၂၀၁၂ခုနှစ် ဇွန် ၁ ရက်မှ ၁၅ ရက်အထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် Geophysical Survey နှင့် Geotechnical တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV DAYANG SARI နှင့် MV VOLANS တို့ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

## ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၃၁ ရက်က ခရိုင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူကြိုကျောင်းများ၌ တက်ရောက်ကြမည့် ဝန်ထမ်းသားသမီး ၁၄ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးပေးအပ်စဉ်။** (မြန်မာ့အလင်း)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်



# အမေရိကန်ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံး ရုရှားအခြေစိုက်စခန်းမှ အောင်မြင်စွာလွှတ်တင်

**မော်စကို ဇွန် ၁**

ရုရှားနိုင်ငံ ပင်လယ်အခြေစိုက်စခန်းတစ်ခုမှနေ၍ အမေရိကန်ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို အောင်မြင်စွာလွှတ်တင်လိုက်ကြောင်း ရုရှားအရာရှိများက ဇွန် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

**လွှတ်တင်**

အမေရိကန်နိုင်ငံ၏ အင်တယ်ဆက်-၁၉ ဟု အမည်ပေးထားသော ၎င်းဆက်သွယ်ရေးဂြိုဟ်တုကို ဇိုင်နစ်-၂ အက်စ်အယ်အမည်ရှိ ဒုံးပျံဖြင့် အာကာသသို့ သယ်ဆောင်သွားခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုကို မေ ၃၁ ရက် မော်စကိုစံတော်ချိန် နံနက် ၉ နာရီ ၂၃ မိနစ်က လွှတ်တင်လိုက်ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ ဂြိုဟ်တုသည် အလေးချိန် ၅၆၀၀ ကီလိုဂရမ်လေးပြီး ရုရှားနိုင်ငံ ပစိဖိတ်သမုဒ္ဒရာကမ်းခြေရှိ ဒုံးပျံလွှတ်တင်ရေးအခြေစိုက်စခန်းမှ လွှတ်တင်လိုက်ခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုလွှတ်တင်ပြီးနောက် ယင်းနေ့နံနက် ၁၀ နာရီ ၂၃ မိနစ်၌ ဒုံးပျံမှ ဂြိုဟ်တုခွဲထွက်ကာ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရောက်ရှိသွားသည်။

၎င်းဂြိုဟ်တုလွှတ်တင်ခြင်းကြောင့် ပစိဖိတ်ဒေသ၊ အရှေ့တောင်အာရှ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အမေရိကန်ပြည်ထောင်စုအနောက်ပိုင်း ကမ်းရိုးတန်းဒေသများတွင် ဆက်သွယ်ရေးစနစ်များ ပိုမိုလျင်မြန်လာမည်ဖြစ်သည်။ **(အင်တာနက်)**

# ဂရိကမ်းလွန်ရေအောက်ကြမ်းပြင်တွင် အေဒီသုံးရာစုခန့်က နစ်မြုပ်သင်္ဘောမှ ပစ္စည်းများတွေ့ရှိ



**အေသင် ဇွန် ၁**

ဂရိနိုင်ငံ ကမ်းလွန်ရေအောက်၌ နစ်မြုပ်လျက်ရှိသော သင်္ဘောနှစ်စင်းမှ အိုးကွဲအပိုင်းအစများကို တွေ့ရှိခဲ့ရာ လွန်ခဲ့သည့်အေဒီ ၃ ရာစုခန့်က ရှေးဟောင်းပစ္စည်းများဖြစ်ကြောင်း ဇွန် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါနေရာပင်လယ်ကြမ်းပြင်၌ ဂရိနှင့် အီတလီနှစ်နိုင်ငံ ရေအောက်ဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရန်အတွက် ရေငုပ်သမားများက ပင်လယ်ကြမ်းပြင်၌ လုပ်ငန်းဆောင်ရွက်စဉ် ၎င်းပစ္စည်းများ **(ယာပုံ)**ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ နစ်မြုပ်ခဲ့သည့် ရှေးခေတ်သင်္ဘောများမှာ ဂရိကမ်းလွန် မြေထဲပင်လယ်ရေအောက်ကြမ်းပြင်၌ဖြစ်ပြီး စစ်မက်ရေးရာများဆောင်ရွက်သည့် သင်္ဘောမျိုးများမဟုတ်ကြောင်း ဂရိပင်လယ်ကြမ်းပြင်လေ့လာရေးဌာနမှ အင်ဂီလီကီဆီမွန်စီက ပြောကြားသည်။

၎င်းသင်္ဘောများသည် ကုန်တင်သင်္ဘောများဖြစ်နိုင်ပြီး ရောမခေတ် ရေကြောင်းသွားလာကုန်သွယ်မှုပြုလုပ်သော သင်္ဘောများဖြစ်နိုင်ကြောင်း၊ ဂရိကမ်းခြေသို့ ဦးတည်ရွက်လွှင့်ခဲ့သည့် အနေအထားမျိုးမဟုတ်ကြောင်း၊ ခရီးဝေးရေကြောင်းသွားလာသည့်သင်္ဘောမျိုးများဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အဆိုပါနစ်မြုပ်သင်္ဘောနှစ်စင်း၏အရှည်မှာ ပေ ၈၀ ခန့်ရှိပြီး သင်္ဘောသားအများအပြား လိုက်ပါလာခြင်းမရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

# တရုတ်ရေတပ်သင်္ဘော အီတလီသို့ရောက်ရှိ



**တာရန်တို ဇွန် ၁**

တရုတ်ရေတပ်လေ့ကျင့်ရေး စစ်သင်္ဘောတစ်စင်းသည် အီတလီနိုင်ငံတောင်ပိုင်း တာရန်တိုမြို့ ဆိပ်ကမ်းသို့ မေ ၃၁ ရက်က ဆိုက်ရောက်ခဲ့ကြောင်း၊ ငါးရက်ကြာချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိခြင်းဖြစ်ကြောင်း တရုတ်စစ်ဘက်အရာရှိများက ဇွန် ၁ ရက်တွင် ပြောကြားသည်။

**ဆိုက်ရောက်ခဲ့**

ကျန်ဟီအမည်ရှိ အဆိုပါတရုတ်စစ်ဘက်လေ့ကျင့်ရေးသင်္ဘောသည် တာရန်တိုမြို့ဆိပ်ကမ်းသို့ ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၃၀ က ဆိုက်ရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းဆိပ်ကမ်းသည် အီတလီစစ်ဘက်၏ အရေးကြီးသည့် ဆိပ်ကမ်းတစ်ခုလည်းဖြစ်သည်။

**ပြုလုပ်မည်**

ယခုခရီးစဉ်သည် တရုတ်နှင့်အီတလီနှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်စေရန်ဖြစ်သည်။ ၎င်းသင်္ဘောသည် တရုတ်နိုင်ငံ တာ့လျံမြို့ ဆိပ်ကမ်းမှ ပြီးခဲ့သည့် ဧပြီလလယ်မှ စတင်ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။ တရုတ်စစ်ဘက်လေ့ကျင့်ရေးသင်္ဘော **(အပေါ်ပုံ)**သည် အီတလီနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အီတလီရေတပ်အရာရှိများနှင့် တရုတ်ရေတပ်အရာရှိများက တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။ တစ်ဖန် နှစ်နိုင်ငံရေတပ်တပ်ဖွဲ့ဝင်များ အားကစားပွဲများလည်း ဆင်နွှဲမည်ဖြစ်သည်။

ကျန်ဟီသင်္ဘောနှင့်အတူ တရုတ်နိုင်ငံ တာ့လျံရေတပ်အကယ်ဒမီကျောင်းမှ သင်တန်းသား ၁၁၀ အပါအဝင် ရေတပ်တပ်ဖွဲ့ဝင် ၃၀၈ ဦးလိုက်ပါလာကြသည်။ ၎င်းသင်္ဘောသည် တရုတ်မှ အီတလီနိုင်ငံ တာရန်တိုဆိပ်ကမ်းသို့ ရေမိုင် ၃၀၀၀၀ ကျော် မောင်းနှင်လာခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# တူရကီ၌ ကီလိုဂရမ် ၃၀ ရှိသည့် ကြီးမားသောဗုံးတစ်လုံးတွေ့ရှိ



**အင်ကာရာ ဇွန် ၁**

တူရကီနိုင်ငံ ဟက်ကာရီပြည်နယ် အရှေ့တောင်ပိုင်း ယူစီကိုဗာခရိုင်တွင် အလေးချိန် ၃၀ ကီလိုဂရမ်ရှိသော လက်လုပ်ဗုံးတစ်လုံး **(ဝဲပုံ)**ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁ ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း တူရကီနိုင်ငံထုတ် တူဒေးဇာမင်းသတင်းစာက ဖော်ပြသည်။

အဆိုပါဗုံးသည် အေ-၄ တီအန်တီအမျိုးအစား ပေါက်ကွဲစေတတ်သော ပစ္စည်းများဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး ၎င်းဗုံးမှစနက်တံကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားနိုင်ခဲ့သည်။ ယင်းဗုံးနှင့် ဆက်စပ်သူများကို တူရကီတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

တူရကီနိုင်ငံတွင် ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ၁၉၈၄ ခုနှစ်မှ စတင်ကာ ယခုအချိန်အထိ ဒေသခံပြည်သူ ၄၀၀၀၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား၌ လေယာဉ်ငယ်ပျက်ကျ

**နယူးယောက် ဇွန် ၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်တန်းဒေသ၌ ဇွန် ၁ ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ ကံကောင်းထောက်မစွာဖြင့် လေယာဉ်အတွင်းမှ လူသုံးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

**ပျက်ကျခဲ့**

၎င်းလေယာဉ်သည် ကယ်လီဖိုးနီးယားပြည်နယ် ဘိုအီစီမြို့မှ အိုင်ဒါဟိုမြို့သို့ ပျံသန်းလာစဉ် တောင်တန်းတစ်နေရာ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပေါ်ပါလာသူများက ၎င်းတို့၏ လက်ကိုင်ဖုန်းဖြင့် ဆက်သွယ်ကာ အကူအညီတောင်းခံခဲ့မှုကြောင့် ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ယင်းလေယာဉ်သည် အီဒါဟိုမြို့ အနောက်တောင်ဘက်တောင်တန်း၌ အင်ဂျင်ချွတ်ယွင်းမှုဖြစ်ပြီး ပျက်ကျခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# အရှေ့တရုတ်ပင်လယ်အတွင်း ငါးဖမ်းခွင့် စတင်တားမြစ်



**ရှန်ဟိုင်း ဇွန် ၁**

အရှေ့တရုတ်ပင်လယ်ငါးဖမ်းခွင့် တားမြစ်ပိတ်ပင်မှုကို ဇွန် ၁ ရက်မွန်းတည့် ၁၂ နာရီတွင် စတင်လိုက်ကြောင်း တရုတ်လုပ်သား စိုက်ပျိုးရေးဝန်ကြီးဌာန လက်အောက်ရှိ အရှေ့တရုတ် ပင်လယ်ငါးလုပ်ငန်းအဖွဲ့က ကြေညာသည်။

**ဖော်ပြထား**

အရှေ့တရုတ်ပင်လယ် ငါးလုပ်ငန်းအဖွဲ့၏ ပြည်သူသို့ အသိပေးကြေညာချက်တွင် မြောက်လတ္တီတွဒ်၃၅ နှင့် ၁၆ ဒီဂရီအကြား ပင်လယ်ဝါနှင့် တောင်တရုတ်ပင်လယ်ရေပြင်တွင် စက်တင်ဘာ ၁၈ ရက်အထိ ငါးဖမ်းခြင်းပိတ်ပင်တားမြစ်ကြောင်း ဖော်ပြထားသည်။ **(ဝဲပုံ)**

အရှေ့တရုတ်ပင်လယ်တောင်ပိုင်းဇုန်အတွင်းရှိ အချို့နေရာများတွင် ဩဂုတ် ၁ ရက် အထိသာ ငါးဖမ်းခွင့် ပိတ်ပင်မည်ဖြစ်ကြောင်း သိရသည်။ ငါးများ ဥဥချိန်တွင် ငါးဖမ်းခွင့်ပိတ်ပင်ခြင်းဖြစ်သည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၁-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

# မက္ကဆီကို၌ မီးတောင်ပေါက်ကွဲ၊ ကယ်ဆယ်ရေးများဆောင်ရွက်

*မက္ကဆီကိုနိုင်ငံ၌ ပိုပိုကာတီပက်အမည်ရှိ မီးတောင်ကြီးသည် ဇွန် ၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီး မီးခိုးပြာမှုန်များ အမြင့်သို့ပျံ့လွင့်လျက်ရှိရာ အာဏာပိုင်များက အနီးအနားရှိမြို့များနှင့် ကျေးရွာများကို ကယ်ဆယ်ရေးများ အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင်ဖော်ပြသည်။ အဆိုပါမီးတောင်ကြီးသည် မက္ကဆီကိုမြို့နှင့် ပူဘယ်လ်မြို့ကြား တည်ရှိပြီး ယင်းမီးတောင်၏ မိုင် ၆၀အတွင်းတွင် လူပေါင်း ၂၅သန်းခန့် နေထိုင်လျက်ရှိသည်။ အဆိုပါ မီးတောင်ကြီးသည် ပြီးခဲ့သည့် တစ်လအကြာက စတင်လှုပ်ရှားလာရာမှ ယခုအခါ ကြီးမားသောပေါက်ကွဲမှုကြီးဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။* ***(အောက်ပုံ)***



# နိုင်ဂျီးရီးယား၌ အဆောက်အအုံတစ်လုံးပြိုကျ၊ လေးဦးသေဆုံး

*နိုင်ဂျီးရီးယားနိုင်ငံ အနောက်တောင်ပိုင်း အိုယိုပြည်နယ်၏မြို့တော် အိုင်ဘတ်ဒန်တွင် မေ ၃၁ ရက်က ပြန်လည်ပြုပြင်နေသည့် ဘာသာရေးအဆောက်အအုံတစ်လုံး ပြိုကျမှုကြောင့် အနည်းဆုံးလေးဦး သေဆုံးပြီး အခြားနှစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါဖြစ်ရပ်သည် ကြောက်မက်ဖွယ်ကောင်းအောင်ဆိုးရွားကြောင်း၊ သေဆုံးသူများမှာ အဆောက်အအုံဆောက်လုပ်ရေးအလုပ်သမားများဖြစ်ကြောင်း၊ ကနဦးစုံစမ်းစစ်ဆေးချက်အရ အဆိုပါအဆောက်အအုံအသစ်ပြန်လည်တည်ဆောက်မည့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းမှ ကန်ထရိုက်တာများဖြစ်ကြောင်း၊ အလုပ်သမားနှင့်အိမ်ရာစီမံကိန်းအဖွဲ့ခေါင်းဆောင် ရင်နပ်စ်အာကင်ထွန်ဒီက ပြောကြားခဲ့သည်။ ဖြစ်ပွားရသည့်အကြောင်းအရင်းအသေးစိတ်ကို ဆက်လက်စုံစမ်းလျက်ရှိပြီး ဒဏ်ရာရသူများအား ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်ဟု ဆိုသည်။*

# အင်ဒိုနီးရှားနိုင်ငံ ပါပူးဝါးကမ်းခြေ၌ ငလျင်လှုပ်

*အင်ဒိုနီးရှားနိုင်ငံ ပါပူးဝါးကမ်းခြေမြောက်ပိုင်းအနီးဒေသတွင် ဇွန် ၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၀၁ မိနစ် က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။ အဆိုပါငလျင်သည် တောင်လတ္တီတွဒ် ၀ ဒသမ ၉၀၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၃၃ ဒသမ ၁၇၀ ဒီဂရီကြား၊ မြေအောက် ၃၁ ဒသမ ၅ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်။* ***(အင်တာနက်)***

# တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် ဇွန် ၁**

တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါဦးစီးဌာန၌ ကျင်းပရာ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးအေးဟန်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆ ဦးတို့အား ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၄၆၅၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် လယ်ယာသုံးစက်ပစ္စည်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ယနေ့တွင် ရွှေညောင်မြို့ အမှတ်(၈၅) ထွန်စက်စခန်း၌ ရောက်ရှိနေသော အိန္ဒိယနိုင်ငံ အစိုးရက အခမဲ့ပေးအပ်လှူဒါန်းထားသည့် ထွန်စက် ၁၅ စီး၊ ရိတ်သိမ်းခြွေလှေ့စက်ငါးစီး၊ လက်တွန်းလယ်ထွန်စက် ၁၅ စီးနှင့် လယ်ယာသုံး စက်ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

# မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်နိုင်

**နေပြည်တော် ဇွန် ၁**

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ချင်းပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀အထိတိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်နိုင်သည်။

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

# မည်သည့်အိတ်နှင့်မဆို အမှိုက်ပစ်နိုင်သည်

**ရန်ကုန် ဇွန် ၁**

**သတင်းနှင့်ဓာတ်ပုံ သက်ထက်ကို (ဘော်ဂါမြေ)**

၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်က စတင်ကာ အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြားပြီး အမှိုက်စိုဆိုလျှင် ပလတ်စတစ်အိတ်အပြာနုရောင်ဖြင့် မီးဖိုချောင်သုံးအမှိုက်များ၊ စားကြွင်းစားကျန်များ၊ စွန့်ပစ်ဘုရားပန်းများကိုသာထည့်၍ သတ်မှတ်အမှိုက်ကန်များသို့ နေ့စဉ်သွားရောက်စွန့်ပစ်ရန် သတ်မှတ်ထားခဲ့သည်။

အမှိုက်ခြောက်ဟု သတ်မှတ်ထားသော ထုပ်ပိုးခွံများ၊ မီးသီး၊ မီးချောင်း၊ ပုလင်းကွဲ၊ မှန်ကွဲ၊ အဝတ်စုတ်၊ အိမ်သုံးပစ္စည်းအစုတ်များကို ပလတ်စတစ်အစိမ်းနုရောင်ဖြင့်ထည့်၍ အမှိုက်ကန်များ၌ သတ်မှတ်ရက်တွင် စွန့်ပစ်နိုင်ကြောင်း အမှိုက်ကန်များ၌ သတ်မှတ်ကြော်ငြာထားခဲ့သည်။ **(ယာပုံ)**

ရန်ကုန်မြို့တော်တွင် တစ်ရက်လျှင် အမှိုက်တန်ချိန် ၁၆၀၀ ခန့်ကို သန့်ရှင်းရေးဝန်ထမ်း ၃၅၀၀ ကျော်က အမှိုက်သိမ်းယာဉ် ၂၈၉ စီးဖြင့် အခေါက်ရေ ၃၀၀ ကျော် သယ်ဆောင်ပေးခဲ့သော်လည်း နေ့စဉ် ပျမ်းမျှအခေါက်ရေ ၇၀ မျှလောက်တွင်သာ သတ်မှတ်အမှိုက်အိတ်ဖြင့် စွန့်ပစ်မှုအလေ့အထကို တွေ့ရကြောင်း၊ သို့အတွက် ထိုစနစ်မှာ ၂၈ ဒသမ ၅၂ ရာခိုင်နှုန်းမျှလောက်သာ အောင်မြင်မှု ရှိနေသေးကြောင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဌာနမှူးက "မီဒီယာများနှင့်တွေ့ဆုံပွဲတွင် ပလတ်စတစ်လုပ်ငန်းတွေက စက်မှုဇုန်တွေမှာပဲ အများဆုံးရှိပါတယ်။ ဇုန်တွေမှာ ပလတ်စတစ်အိတ်တွေ ထုတ်လုပ်မှုကျဆင်းခဲ့တာကြောင့် ပလတ်စတစ်အိတ်နှစ်မျိုးစလုံးကို တစ်အိတ် ငွေငါးကျပ်စီ ဈေးမြင့်တက်သွားခဲ့ပါတယ်။ ဒါ့ကြောင့် အများပြည်သူတွေအနေနဲ့ အဆင်ပြေအောင် ဘယ်အိတ်နဲ့ပဲဖြစ်ဖြစ် အမှိုက်လာပစ်တာကို လက်ခံပေးမှာဖြစ်ပါတယ်" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အမှိုက်ကန်များ၌ အမှိုက်များ လာရောက်ပစ်ချိန်ကိုလည်း ဖြေလျှော့ပေးလိုက်ပြီဖြစ်သည်။ ယခင်က အမှိုက်ပစ်ချိန်သတ်မှတ်ရာတွင် ညနေ ၆ နာရီမှ ည ၁၁ နာရီအထိသာ ဖြစ်သော်လည်း ယခုအခါ နံနက် ၆ နာရီမှ နံနက် ၁၀ နာရီအထိ တစ်ကြိမ် ထပ်မံတိုး၍ ပစ်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**





# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အဇာရင်ကာ နိုင်ပွဲရ

**မောင်မောင်မြင့်ဆွေ – စုစည်းသည်**

***ပါရီ ဇွန် ၁***

*ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို မေ ၃၁ ရက်က ယှဉ်ပြိုင်ရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ အဇာရင်ကာက ဂျာမနီတင်းနစ်မယ် ဖီဇန်မီရာအား ၆-၁၊ ၆-၁ ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်ရောက်သွားပြီဖြစ်သည်။*

*အဇာရင်ကာ **(အပေါ်ပုံ)**သည် ပွဲစတင်ကစားစဉ်က အမှားအယွင်းအနည်းငယ်ရှိခဲ့သော်လည်း အချိန်မီပြန်လည်ပြင်ဆင်ကာ အနိုင်ရအောင် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ရုရှားတင်းနစ်မယ် ပက်ထရိုဗာနှင့် တောင်အာဖရိကတင်းနစ်မယ် အက်ချီပါစ်တို့ပွဲတွင် ပက်ထရိုဗာက ၆-၃၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။*

*ထို့အတူ ဩစတြေးလျတင်းနစ်မယ် စတိုဆာနှင့် အမေရိကန်တင်းနစ်မယ် ဖာလ်ကိုနီတို့ပွဲတွင် စတိုဆာက ၆-၁၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ပိုလန်တင်းနစ်မယ် ရက်ဝမ်စကာနှင့် အမေရိကန်တင်းနစ်မယ် ဗီးနပ်စ်ဝီလျံတို့ပွဲတွင် ရက်ဝမ်စကာက ၆-၂၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ခဲ့သည်။*

*ထို့အပြင် ဆားဘီးယားတင်းနစ်မယ် အီဗန်နိုဗစ်နှင့် အစ္စရေးတင်းနစ်မယ် ရှာဟာပီရာတို့ပွဲတွင် အီဗန်နိုဗစ်က ၆-၂၊ ၆-၂ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။ ထို့အတူ အမျိုးသားတစ်ဦးချင်း ဒုတိယအဆင့်ပွဲစဉ်၌ ဆားဘီးယားတင်းနစ်သမား ဂျိုကိုဗစ်က ဆလိုဗေးနီးယားတင်းနစ်သမား ကာ့ဗ်ဗစ်အား ၆-၀၊ ၆-၄၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ဆွစ်ဇာလန်တင်းနစ်သမား ရော်ဂျာဖက်ဒရားက ရိုမေးနီးယားတင်းနစ်သမား အက်ဒရင်အင်ဂါအား ၆-၃၊ ၆-၂၊ ၆-၇ (၆)၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။*

*ထို့အပြင် တောင်အာဖရိကတင်းနစ်သမား အန်ဒါဆင်က အာဂျင်တီးနားတင်းနစ်သမား ဇီဘာလော့စ်အား ၆-၃၊ ၃-၆၊ ၆-၃၊ ၆-၀ ဖြင့် နိုင်ပွဲရပြီး နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်သည်။* ***(အင်တာနက်)***

# အီတလီဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀ ၌ အူစိန်ဘိုနှင့်အဟူရီတို့ဗိုလ်စွဲ

**ရောမ ဇွန် ၁**



မာအီရီအဟူရီ



အူစိန်ဘို့

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပလျက်ရှိသော နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ်၏ ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲကို ဇွန် ၁ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ အိုင်ဗရီကို့စ်အပြေးမယ် မာအီရီအဟူရီက ၁၁ စက္ကန့်ဖြင့် ပန်းဝင်ပြီးဗိုလ်စွဲခဲ့သည်။

ယင်းမီတာ ၁၀၀ အမျိုးသမီးအပြေးပြိုင်ပွဲ၌ ဂျမေကာအပြေးမယ် အန်ဖရာဆာက ၁၁ ဒသမ ၀၆ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ပြီး နောက်ထပ်အပြေးမယ် ကာရွန်စတီးဝပ်က ၁၁ ဒသမ ၁၀ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

တစ်ဖန်အမျိုးသမီးမီတာ ၈၀၀အပြေးပြိုင်ပွဲ၌ အီသီယိုးပီးယားအပြေးမယ် မာဂီဆိုက ၁ မိနစ် ၅၇ ဒသမ ၅၆ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ ကင်ညာအပြေးမယ် ဂျီလီမိုက ၁ မိနစ် ၅၈ ဒသမ ၃၃ စက္ကန့်ဖြင့် ဒုတိယရရှိပြီး ရုရှားအပြေးမယ် ဆာဗီနိုဗာက ၁ မိနစ် ၅၈ ဒသမ ၅၆ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

ထို့အပြင် အမျိုးသမီးမီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် အီသီယိုးပီးယားအပြေးမယ် အရီဂါဝီက ၃ မိနစ် ၅၆ ဒသမ ၅၄ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ ကင်ညာအပြေးမယ် အိုဘီရီက ၃ မိနစ် ၅၉ ဒသမ ၆၈ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ပြီး အီသီယိုးပီးယားအပြေးမယ် ဒီဘာဘာက ၄ မိနစ် ၀ ဒသမ ၈၅ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီးမီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ကင်ညာအပြေးမယ် ချာရိုင်ယွတ်က ၁၄ မိနစ် ၃၅ ဒသမ ၆၂ စက္ကန့်ဖြင့် ပထမပန်းဝင်ခဲ့သည်။ တစ်ဖန် အီသီယိုးပီးယားအပြေးမယ် ဒီဖာက ၁၄ မိနစ် ၃၅ ဒသမ ၆၅ စက္ကန့်ဖြင့် ဒုတိယရရှိပြီး ကင်ညာအပြေးမယ် ကီဘီဝတ်က ၁၄ မိနစ် ၃၉ ဒသမ ၅၃ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ ထို့အတူ အမျိုးသားမီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ဂျမေကာအပြေးသမား အူစိန်ဘို့က ၉ ဒသမ ၇၆ စက္ကန့်ဖြင့် ပထမဗိုလ်စွဲခဲ့သည်။ ဆက်လက်ပြီး ဂျမေကာ အပြေးသမား ပိုဝဲလ်က ၉ ဒသမ ၉၁ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။ ပြင်သစ်အပြေးသမား လီမေဆရီက ၁၀ ဒသမ ၀၄ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

အမျိုးသားမီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ကင်ညာအပြေးသမား ကိုစန်ချာက ၁ မိနစ် ၄၄ ဒသမ ၄၂ စက္ကန့်ဖြင့် ပထမရရှိပြီး ပိုလန်အပြေးသမား လီဝမ်ဒေါစကီက ၁ မိနစ် ၄၄ ဒသမ ၆၄ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။ ဂျာမနီအပြေးသမား အင်ဒရူးအိုဆာဂီက ၁ မိနစ် ၄၄ ဒသမ ၇၁ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ **(အင်တာနက်)**

# ယူရို ၂၀၁၂ ပြိုင်ပွဲဝင် အင်္ဂလန်အသင်း၌ လမ်းပတ်ပါဝင်ရန်မသေချာ

**လန်ဒန် ဇွန် ၁**



ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲအတွက် အင်္ဂလန်အသင်း၌ ရွေးချယ်ထားသော ကွင်းလယ်ကစားသမား လမ်းပတ်သည် မေ ၃၁ ရက်က လေ့ကျင့်ကွင်း၌ ဒဏ်ရာရရှိခဲ့သဖြင့် ဆေးကုသမှုခံယူရမည်ဖြစ်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။

အသက် ၃၃ နှစ်အရွယ်ရှိ လမ်းပတ် **(ဝဲပုံ)**သည် အင်္ဂလန်အသင်းကစားဖော်များနှင့် လေ့ကျင့်စဉ် ပေါင်ကြောဒဏ်ရာရရှိပြီး ဆေးကုသမှုခံယူရမည်ဟု အင်္ဂလန်အသင်းနည်းပြ ရွိုင်ဟော့ဆင်က ပြောကြားခဲ့သည်။ လောလောဆယ်တွင် လမ်းပတ်၏ ပေါင်ကြောဒဏ်ရာကို ဓာတ်မှန်ကြည့်ထားသည်။

လမ်းပတ် ဒဏ်ရာမသက်သာပါက ၄င်းနေရာတွင် အစားထိုးရန် လီဗာပူးကွင်းလယ်ကစားသမား ဂျော်ဒန်ဟန်ဒါဆင်အား အသင့်ပြင်ဆင်လေ့ကျင့်စေလျက်ရှိသည်။ လမ်းပတ်သည် လောလောဆယ်တွင် လေ့ကျင့်ကွင်းမဆင်းနိုင်ချေ။

နည်းပြရွိုင်ဟော့ဆင်သည် လမ်းပတ်နေရာတွင် မန်စီးတီးကွင်းလယ်ကစားသမား ဂါရက်ဘာရီကိုလည်း အရန်အဖြစ်ထားရှိသည်။ လက်ရှိအခြေအနေအရ လမ်းပတ်၏ ဒဏ်ရာအခြေအနေမှာ ပါဝင်ကစားနိုင်မှု ရှိ၊ မရှိ သေချာစွာ မပြောနိုင်သေးကြောင်း ရွိုင်ဟော့ဆင်က ပြောကြားသည်။ အင်္ဂလန်အသင်း ကွင်းလယ်တွင် ဂျရတ်၊ လမ်းပတ်နှင့် စကော့ပါကာတို့ကို အဓိကထားပွဲထွက်ရန် နည်းပြရွိုင်ဟော့ဆင်က စီစဉ်ထားရာမှ လမ်းပတ်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂**

၂၀၁၂ ခုနှစ် ဇွန် ၂ ရက်တွင်ကျရောက်သော အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျေလီယို တယ်ဇီ ဒီစန့်တာ ဂါတာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**နေပြည်တော် ဇွန် ၁**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးညဏ်ထွန်းအောင်အား ကမ္ဘောဒီးယားနှင့် မလေးရှားနိုင်ငံအခြေစိုက် Seng Enterprise Co., Ltd. Chairman , Mr. Okhna Seng Chhay Our ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉နာရီတွင် အဆိုပါဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး **(ယာပုံ)** အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းတည်ဆောက်ရေး၊ ရေနက်ဆိပ်ကမ်းများ တည်ဆောက်ရေးနှင့် အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုကြောင်းတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား နိုင်ငံခြားကုမ္ပဏီကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ



# ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် မအူပင်နှင့်ဖျာပုံခရိုင်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး






**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်းအခမ်းအနားသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဇွန် ၁**

ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် မေ ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပြည်သူ့ဆေးရုံကြီးနှင့် ခရိုင်တိုင်းရင်းဆေးကုခန်း၊ ကျိုက်လတ်မြို့နယ် ပြည်သူ့ဆေးရုံနှင့် ဖျာပုံခရိုင်ပြည်သူ့ဆေးရုံကြီးများသို့ သွားရောက်စစ်ဆေးခဲ့သည်။ ဒုတိယဝန်ကြီးသည် မေ ၂၉ ရက်တွင် ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်း ကျေးလက်ကျန်းမာရေး ဌာနများသို့ သွားရောက်စစ်ဆေးပြီး ဖျာပုံခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ ကွင်းဆင်းကုသ ဆောင်ရွက်ချက်များကို ကြည့်ရှုအားပေးခဲ့သည်။

ဒုတိယဝန်ကြီးသည် မေ ၃၀ ရက် နံနက် ၈ နာရီတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်းအခမ်းအနားသို့တက်ရောက်ဆွေးနွေးပြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း၍ ဒေးဒရဲမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားကာ Yangon Heritage Trust ဥက္ကဋ္ဌဒေါက်တာသန့်မြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပမှ ပညာရှင်များက ရန်ကုန်မြို့၏ ရှေးဟောင်းအမွေအနှစ်ရေးယာများ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စာတမ်းများကို ဖတ်ကြား ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက သိလိုသည်များအား မေးမြန်းဆွေးနွေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကမာရွတ်မြို့နယ် လှည်းတန်းခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းနှင့် လှည်းတန်းမီးပွိုင့်အနီး ရန်ကုန်တက္ကသိုလ်ဘက်ခြမ်း၌ လမ်းချဲ့ထွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်နိုင်ကြောင်း သတင်းထုတ်ပြန်

၁။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသောလုပ်ငန်း (၈) ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်လိုသော အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လွယ်ကူလျင်မြန်စွာရရှိရေးအတွက် လုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ငန်းကော်မတီအသီးသီးမှ အထူးအလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၃။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်လိုသောအဖွဲ့အစည်းများအား ၎င်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)အရ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများလည်း ဖွဲ့စည်းတည်ထောင်၍ လုပ်ကိုင်နိုင်ကြောင်းနှင့် ဆောင်ရွက်လိုသော ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် အထက်အပိုဒ်(၂)ပါ လုပ်ငန်းကော်မတီများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးမြသန်းပါ ၂၇ဦးတို့က လျှောက်ထားသည့် ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party) တည်ထောင်ခွင့် လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်းတွေ့ရှိရသဖြင့် ကော်မရှင်က ဇွန် ၁ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် အကြံပြုသတိပေးချက်

၁။ ယာဉ်မောင်းသူသည် ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။

၂။ မော်တော်ယာဉ်ကို တစ်နာရီလျှင် မိုင် ၆၀(သို့မဟုတ်) ၁၀၀ကီလိုမီတာနှုန်းထက် ပိုမမောင်းရ။

၃။ လမ်းဖြောင့်များတွင် ယာဉ်ကိုအရှိန်မြှင့်မောင်းနှင်သဖြင့် ယာဉ်တိမ်းမှောက်မှုများမှာ လမ်းဖြောင့်တွင် အဖြစ်များသည်။

၄။ ယာဉ်မောင်းများ အရက်သေစာ/မူးယစ်ဆေးဝါးများသုံးစွဲ၍ မောင်းနှင်ခြင်း မပြုရ။

၅။ ယာဉ်မောင်းစဉ် ယာဉ်မောင်းသူအိပ်မငိုက်ရ။ (လိုအပ်ပါက အလှည့်ကျမောင်းနှင်သည့်စနစ်အား ကျင့်သုံးရမည်။ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်အများစုတွင် ယာဉ်မောင်းအိပ်ငိုက်၍ တိမ်းမှောက်မှုဖြစ်စဉ်က များပါသည်။)

၆။ **မော်တော်ယာဉ်ကြံ့ခိုင်ရေးအတွက် အောက်ပါအချက်များကောင်းမွန်ရမည်–**

(က) မော်တော်ယာဉ်အောက်ပိုင်းတိုက်ရှော့၊ ဘောလ်ဂျိုင်းများ ကောင်းမွန်ရမည်။

(ခ) မော်တော်ယာဉ် ဘရိတ်များ ဟန်ချက်ညီစွာ ကောင်းမွန်ရမည်။

(ဂ) မော်တော်ယာဉ်တွင်တပ်ဆင်ထားသောတာယာများ ကောင်းမွန်ရမည်။

(တိုက်ဆွေးနှင့်သက်တမ်းလွန်တာယာများမဖြစ်ရေး အထူးဂရုပြုရမည်။)

(ဃ) မော်တော်ယာဉ်တာယာများ လေဖြည့်ရာတွင် လိုအပ်သည်ထက် ပိုမဖြည့်ရ။

(င) မော်တော်ယာဉ်လေကာမှန်တွင် တပ်ဆင်ထားသည့် ရေသုတ်တံများ ကောင်းမွန်ရမည်။

(စ) ညအချိန်တွင် အမြင်ကြည်လင်မှုရှိစေရန်အတွက် တပ်ဆင်ထားသော မီးများ/ရောင်ပြန်များကောင်းမွန်ရမည်။ (ရှေ့မီးကြီး၊ ရှေ့/နောက်အချက်ပြမီး)

၇။ မိုးရွာသည့်အချိန်တွင် ယာဉ်ကိုအရှိန်လျှော့၍ မောင်းနှင်ရမည်။

၈။ ယာဉ်မောင်းအနေဖြင့် မမျှော်မှန်းနိုင်သော အန္တရာယ်ကို အထူးသတိထား၍ မောင်းနှင်ရမည်။ (ဥပမာ-ရှေ့တွင် ရပ်ထားသည့်ယာဉ်၊ ဖြတ်သန်းသွားသည့် လူ/ကျွဲနွား တိရစ္ဆာန်၊ ရေအိုင်)

၉။ ယာဉ်ကျော်တက်ရာတွင် လမ်းလုမောင်းနှင်ကျော်တက်ခြင်းမပြုရ။

၁၀။ သတ်မှတ်ထားသောလမ်းစည်းကမ်းကို စနစ်တကျလိုက်နာပြီး လမ်းတစ်လျှောက်တွင် စိုက်ထူထားသော သင်္ကေတအမှတ်အသားများနှင့် သတိပေးဆိုင်းဘုတ်များကို ဂရုစိုက်ကြည့်ရှု၍ ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရမည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန**




**ကာဇက်စတန်နိုင်ငံ Almaty မြို့တွင် ဇွန် ၁ ရက်မှ ဇူလိုင် ၇ ရက်အထိ လက်ဝှေ့အားကစားနည်း ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ အုပ်ချုပ်သူ/ နည်းပြနှင့် အားကစားသမားများ ဇွန် ၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ လိုက်လံပို့ဆောင်စဉ်။** (အား/ကာ)

◆ *ကျောဖုံးမှ*

အဆိုပါအခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများဖြစ်သည့် Magnate Group Logistics Co., Ltd.၊ United Courier Services Co., Ltd. နှင့် Kispanadi Express Ltd . တို့မှ မန်နေဂျင်းဒါရိုက်တာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စာတိုက်လုပ်ငန်း၏ ပြည်တွင်း အမြန်ချောပို့ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရန်အတွက် တင်ဒါခေါ်ယူခဲ့ရာ ပြည်တွင်းကုမ္ပဏီကိုးခုမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွေးချယ်ရေးအဖွဲ့က သတ်မှတ်ချက်များနှင့်ကိုက်ညီသည့်ကုမ္ပဏီသုံးခုကို ရွေးချယ်၍ ဝန်ကြီးဌာန မှတစ်ဆင့် အစိုးရအဖွဲ့ထံသို့တင်ပြပြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြည်တွင်းကုမ္ပဏီသုံးခုမှတာဝန်ရှိသူများသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် လုပ်ငန်းခွင့်ပြုဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **(သတင်းစဉ်)**

## ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁**

ပုဂ္ဂလိက အာမခံကုမ္ပဏီဖွဲ့စည်းခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာဟောပြောပွဲကို ဇွန် ၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲတွင် ဒေါက်တာမောင်မောင်သိမ်း ဟောပြောဆွေးနွေးမည်ဖြစ်ပြီး ပုဂ္ဂလိက အာမခံကုမ္ပဏီ တည်ထောင်လိုသူများနှင့် ဝင်ရောက်လုပ်ကိုင်လိုသူများ၊ အာမခံလုပ်ငန်းကို စိတ်ဝင်စားလေ့လာနေသူများ ဖုန်း-၀၉-၅၁၉၅၃၅၀ သို့ ဆက်သွယ်စာရင်းပေး တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(၁၆၈)**

## မိုးရေချိန်စံချိန်သစ်

၂၀၁၂ခုနှစ် ဇွန် ၁ ရက် နံနက် ၉နာရီခွဲအချိန်တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဇွန်လ၏ ၂၄နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | စံချိန်ဟောင်း | | ယခင် | စခန်းဖွင့်သည့်နှစ်မှစ၍ |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | စံချိန်ကျိုးခဲ့သည့်နှစ် | လွန်ခဲ့သောနှစ်ပေါင်း |
| ၁။ | ဖလမ်း | ၂၃၈ | ၉.၃၇ | ၁၁၄ | ၄.၄၉ | ၁၆-၆-၁၉၆၆ | ၄၆ |




# အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၂ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁**

လုပ်ငန်းရှင်ကြီးများမှ မိမိတို့၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် အများပြည်သူများအား တိုက်ရိုက်ထိတွေ့ကြော်ငြာနိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းအရည်အသွေး အားနည်းချက် အားသာချက်များကို လျင်မြန်စွာ သိရှိနိုင်၍ ပိုမိုဆန်းသစ်သော ထုတ်ကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်ဖြန့်ဖြူးနိုင်စေခြင်း၊ သုံးစွဲသူများအနေဖြင့် ခေတ်နှင့်အညီ ဆန်းသစ်သော နည်းပညာနှင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်ခြင်း ဟူသည့် ရည်ရွယ်ချက်များဖြင့် Housing & Living 2012 including; Automobile Show 2012 ပြပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

**လှည့်လည်ကြည့်ရှု**

အစီအစဉ်အရ ပြပွဲကို ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းမြင့်နှင့် IEMS Company Limited မှ မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဧည့်သည်တော်များက ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ပြပွဲတွင် ပြည်တွင်းမှ အိမ်ရာအဆောက်အအုံအရောင်းပြခန်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ ခေတ်မီပရိဘောဂအသစ်အဆန်းအမျိုးမျိုး၊ သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံးအထွေထွေပစ္စည်းအမျိုးမျိုး၊ ကြမ်းခင်းအမျိုးမျိုး၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ အိမ်အမိုးအပြားအမျိုးမျိုး၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ဟန်းဆက်အမျိုးမျိုး၊ မော်တော်ယာဉ်အမျိုးမျိုးတို့ ခင်းကျင်းပြသထားပြီး ပြပွဲကို ဇွန် ၁ ရက်မှ ၄ ရက်အတွင်း နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား HongKong and Shanghai Banking Corporation Ltd. (HSBC)မှ General Manager, Mr. Guy Harvey- Samuel နှင့်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် အဆိုပါဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး HSBC ဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန် ကိစ္စများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

**လာရောက်တွေ့ဆုံ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား Myanmar Daewoo Ltd., Managing Director, Mr. Park Jeong Hwan နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား ထိုင်းနိုင်ငံ Kasikorn Bank Pcl. ၏ Senior Executive Vice President, Mr. Somkiat Sirichatchai နှင့်အဖွဲ့သည် နံနက်ပိုင်းတွင်ပင် လာရောက်တွေ့ဆုံပြီး **(ယာပုံ)**မြန်မာနိုင်ငံ၌ Kasikorn Bank ၏ ကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်ရန်နှင့် ဘဏ္ဍာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

# နိုင်ငံခြားဇာတ်ကားသစ်များ ရန်ကုန်မြို့၌ အပြိုင်ဝင် "ငါမင်းကို" မြန်မာဇာတ်ကား ဆက်လက်ပြသ

**ရန်ကုန် ဇွန် ၁**

ယခုတစ်ပတ် ရန်ကုန်မြို့ရုပ်ရှင်ရုံများတွင် မြန်မာဇာတ်ကားသစ်များ မဝင်ဘဲ နိုင်ငံခြားဇာတ်ကားသစ်နှစ်ကား အပြိုင်ရုံဝင်လာသည်။

ရန်ကုန်မြို့လယ် ရွှေဆောင်ရုပ်ရှင်ရုံတွင်ဒါရိုက်တာ Joss Whedon ရိုက်ကူးသည့် The Avengers ဇာတ်ကားရုံဝင်လာသည်။ အဆိုပါ ဇာတ်ကားသည် အာကာသသိပ္ပံဆိုင်ရာ လှုပ်ရှားမှု ဇာတ်ကားတစ်ကားဖြစ်သည်။ ရန်ကုန်မြို့ မင်္ဂလာ (၂)၊ ဒဂုံစင်တာ (၂)၊ မြေနီကုန်းတွင် ဒါရိုက်တာ Isara Nadee ရိုက်ကူးသည့် 407 Dark Flight (3D) ရုပ်ရှင်ဇာတ်ကား ရုံဝင်လာသည်။ အဆိုပါဇာတ်ကားသည် ငယ်ရွယ်လှပသည့် လေယာဉ်မယ်တစ်ဦး၏ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က လေယာဉ် ပျက်ကျခဲ့သည့် အဖြစ်အပျက်ကို အကြောင်းပြုရိုက်ကူးထားသည့် စိတ်လှုပ်ရှားဖွယ် ဇာတ်ကားဖြစ်သည်။ **(အောက်ပုံ)**



ရန်ကုန်မြို့လယ် သမ္မတ၊ သွင်နှင့် မင်္ဂလာ(၁) သိမ်ကြီးဈေးရုပ်ရှင်ရုံများတွင် ဒါရိုက်တာ ဉာဏတင်စိုးရိုက်ကူးပြီး အကယ်ဒမီလူမင်း၊ အကယ်ဒမီပြေတီဦး၊ ကျော်ကျော်ဗို၊ အကယ်ဒမီအိန္ဒြာကျော်ဇင်၊ မိုးဟေကိုတို့ပါဝင်သည့် **"ငါမင်းကို"** ဇာတ်ကား ဆက်လက်အောင်ပွဲခံပြသလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရခိုင်ချောင်မြောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို မေ ၂၈ ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၆၄)



# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရစာရင်းထုတ်ပြန်

**နေပြည်တော် ဇွန် ၁**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် "Green Economy; Does it include you ?" "ပတ်ဝန်းကျင်မပျက်ယွင်းစေသောအစိမ်းရောင်စီးပွားရေး၊ သင်တို့အားလုံးပါဝင်ဆောင်ရွက်ပေး" ဟူသော ခေါင်းစဉ်ဖြင့် စာမူများကို ဖိတ်ခေါ်ကျင်းပခဲ့သည့် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမ ဦးအေးမြင့်(ထက်ထက်-တက္ကသိုလ်) (၁၂/တမန(နိုင်)၀၇၆၀၆၇)၊ ဒုတိယ ဒေါ်နုနုသိန်း(သိမ့်-စီးပွားရေးတက္ကသိုလ်) (၁၂/လမန(နိုင်)၁၁၀၇၅၀)၊ တတိယ ဦးစိုးမြင့်(ဖိုးရာဇာ-သာစည်) (၉/သစန(နိုင်)၀၁၁၆၉၂)၊ အထူးဆု (၁)- ဦးထွန်းကျော် (အောင်ကြည်မင်း-မင်းပြား) (MBA-၁၀၃၅၂၆)၊အထူးဆု(၂)ဦးအောင်သန်း (အောင်ခန့်ဖြိုးဝေ-တောင်ငူ) (၇/တငန(နိုင်)၀၈၁၅၁၂)၊ အထူးဆု (၃)-ကိုမောင်သန်းညွန့် (၁၁/ရသတ(နိုင်)၀၀၀၁၄၈) တို့ဖြစ်ကြပြီး အလွတ်တန်းစာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများမှာ ပထမ စိုး(ဆေးတက္ကသိုလ်) (၁၂/တမန(နိုင်)၀၉၉၈၆၁၊ ဒုတိယ မခန့်ဆွေထက် (၇/ပမန(နိုင်) ၁၉၁၅၅၈)၊ တတိယ ဒေါ်ဝင်းဝင်းမြင့်(ချမ်းမြေ့ဝေနှင်း)(၁၄/ပသရ(နိုင်)၀၀၂၃၂၃)၊ အထူးဆု(၁)- မဟေမာန်နွေနှင်းဆီ(၁၂/ဥကတ(နိုင်)၁၉၅၆၈၇)၊အထူးဆု(၂)- မခင်ထက်ဝေယံမောင် (၁၂/လမန(နိုင်)၁၅၇၄၈၆)၊ အထူးဆု(၃)- မနန်းသစ္စာ (၁၂/မရက(နိုင်)၁၅၁၅၆၀) တို့ဖြစ်ကြသည်။

ဆုများကို ၂၀၁၂ ခုနှစ် ဇွန် ၅ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ချီးမြှင့်ပေးအပ်မည်ဖြစ်သဖြင့် ဆုရရှိသူများသည် အခမ်းအနားသို့ တက်ရောက်၍ ဆုလက်ခံရယူရန်အတွက် စီမံကိန်းနှင့်စာရင်းအင်း ဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ် (၂၈)နေပြည်တော် ဖုန်း-၀၆၇-၄၀၅၃၈၃/ ၄၀၅၃၈၆/၄၀၅၃၉၀ သို့ ဆက်သွယ်ကြပါရန်နှင့် ၄-၆-၂၀၁၂ ရက် နံနက် ၁၀ နာရီခွဲမတိုင်မီ လူကိုယ်တိုင်လာရောက် သတင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

# လျှပ်စစ်ဓာတ်ကြိုးကို ကတ်ကြေးဖြင့်ဖြတ် ကျောက်တန်းတွင် လူတစ်ဦးဓာတ်လိုက်သေဆုံး

**ကျောက်တန်း ဇွန် ၁**

မီးချောင်းသို့ ယာယီသွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးရှော့ခ်ဖြစ်နေသည်ကို ကတ်ကြေးဖြင့်ဖြတ်သဖြင့် ဓာတ်လိုက်သေဆုံးမှုတစ်ရပ် ကျောက်တန်းဘိုးဘွားရိပ်သာတွင် ဖြစ်ပွားခဲ့သည်။

ယနေ့နံနက် ၂ နာရီခွဲခန့်က ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် ကျောက်တန်း ဘိုးဘွားရိပ်သာ စားဖိုဆောင်အနီးတွင် သွယ်တန်းထားသော လေးပေမီးချောင်းမှာ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်နေသည်ကို အထွေထွေဝန်ထမ်း မန္တယ်နွယ်စိုးက မြင်တွေ့၍ ရိပ်သာအထွေထွေဝန်ထမ်း ဦးပု(ခ)ဦးစန်းမောင်အားနှိုး၍ အသိပေးသည်။

အထွေထွေဝန်ထမ်း ဦးပု(ခ) ဦးစန်းမောင် အသက် ၄၅ နှစ် (ဘ)ဦးရွှေခဲသည် ယာယီသွယ်တန်းထားသည့် ဝိုင်ယာကြိုးပလပ်ကို မဖြုတ်ဘဲ လျှပ်စစ်ဝိုင်ယာကြိုးကို ကတ်ကြေးဖြင့် ဖြတ်တောက်ရာ၊ ဓာတ်လိုက်ပြီး ဝဲယာလက်များတွင် ညှိမည်းဒဏ်ရာဖြင့် နေရာတွင် လဲကျသေဆုံးခဲ့ကြောင်း သိရှိရသည်။ **(၀၁၉)**



မြန်မာ့အလင်း မှုခင်းသတင်း

# စိတ်ကြွရူးသွပ်ဆေးပြားများ ဟိုပင်၌ဖမ်းဆီးရမိ

**ဟိုပင် ဇွန် ၁**

မြစ်ကြီးနားမူးယစ်(အထူး) အဖွဲ့မှ တာဝန်ရှိသူများသည် မေ ၁၈ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် သတင်းအရ ဟိုပင်မြို့ ပြည်ထောင်စုလမ်းမကြီးဘေးရှိ သံယောဇဉ်လက်ဖက်ရည်ဆိုင်ရှေ့၌ စောင့်ဆိုင်းနေစဉ် အောင်အောင်မောင်းနှင်ပြီး စိုးမြင့်လိုက်ပါလာသည့် KENBO 125 အမျိုးအစားစိမ်းပြာရောင် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စေပြီး ဥပဒေနှင့်အညီ စစ်ဆေးရှာဖွေရာ အောင်အောင် ဝတ်ဆင်ထားသည့် အစိမ်းပုပ်ရောင်အတွင်းခံဘောင်းဘီနှင့် ခန္ဓာကိုယ်ကြား ပလတ်စတစ် အကြည်အိတ်ဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၃ ပြား အလေးချိန် ၄ ဒသမ ၃ ဂရမ်ခန့် (ကာလတန်ဖိုးငွေကျပ် ၁၇၂၀၀၀) တွေ့ရှိသိမ်းဆည်းရမိသဖြင့် အောင်အောင် ၂၈ နှစ် (ဘ)ဦးသာထူး မြေနုကျေးရွာ ဟိုပင်မြို့နယ်ခွဲနေသူနှင့် စိုးမြင့် ၃၈ နှစ် (ဘ)ဦးအောင်သန်း မြေနုကျေးရွာ ဟိုပင်မြို့နယ်ခွဲ နေသူတို့ကို ဟိုပင်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(၀၆၂)**

# လောင်းကစားမှု ဘိုကလေး၌ အရေးယူ

**ဘိုကလေး ဇွန် ၁**

မေ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက ဘိုကလေးမြို့နယ် မြင်းကကုန်းအမှတ် (၃) နယ်မြေနေ သံချောင်း ၂၀နှစ် (ဘ-ဦးချစ်တိုး)နေအိမ်၌ ဖဲလောင်းကစားဝိုင်း ပြုလုပ်နေကြောင်း သတင်းအရ မြင်းကကုန်းရဲစခန်းမှူး ရဲအုပ်အေးမင်းနှင့် ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်ရှာဖွေရာ သံချောင်း ၂၀ နှစ် (ဘ-ဦးချစ်တိုး)၊ သိန်းဇော် ၄၀ နှစ် (ဘ-ဦးလှဖေ)၊ တင်စိုး ၄၇နှစ် (ဘ-ဦးစောလွင်)၊ မြင့်စိုး ၆၀နှစ်(ဘ-ဦးမောင်ငယ်)၊ မရင်ရင်ခိုင် ၃၂ နှစ်(ဘ-ဦးဘစိန်)တို့အား ဖဲချပ်ရေ ၅၂ ချပ်၊ ဖဲလောင်းကစားရာတွင် အသုံးပြုပစ္စည်းများ၊ ဖဲလောင်းကစားငွေကျပ် ၂၇၆၀၀ တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် သက်ဆိုင်ရာရဲစခန်းက အရေးယူထားကြောင်း သိရှိရသည်။ **(၀၇၇)**

# ချဲထီလောင်းကစားဝိုင်း တာချီလိတ်တွင်ဖမ်းဆီး

**တာချီလိတ် ဇွန် ၁**

ဇွန် ၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်က တာချီလိတ်ရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ချဲထီးလောင်းကစားနေကြောင်း သတင်းအရ တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဗိုလ်ချုပ်လမ်း ဒီပါကျော်တိုက်တန်း အခန်းအမှတ် (၃၀) အား ဝင်ရောက်ရှာဖွေရာ အိမ်ရှင် ဒေါ်မိုးသီတာနှင့်အတူ ချဲထီလောင်းကစားရာတွင် ဘောက်ချာများကူညီရေးသားပေးသော မအတာ၊ မသီတာဝင်းတို့အား ချဲထီနံပါတ်များရေးသားထားသော ဘောက်ချာစာအုပ်များ၊ လက်ကိုင်ဖုန်း သုံးလုံး၊ လောင်းကြေးငွေ ထိုင်းဘတ်ငွေ ၈၉၆၉၀ မြန်မာကျပ်ငွေ ၅၂၈၀၂၀ တို့နှင့်အတူ ဖမ်းဆီးရရှိခဲ့ပြီး တာချီလိတ်ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(၀၆၀)**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ကူးစက်ရောဂါများကာကွယ်ရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကူးစက်ရောဂါများနှင့် လတ်တလောပျော့ခွေအကြောသေရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေ ၂၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ရောဂါ ဆရာဝန်ကြီး ဒေါက်တာဒေါ်ဖြိုးဖြိုးကျော်၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဖြူဖြူအေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ကူးစက်ရောဂါကာကွယ်ရေးတာဝန်ခံအရာရှိ ဒေါက်တာဉာဏ်ဝင်းမြင့်တို့က ဝမ်းပျက် ဝမ်းလျှောရောဂါကာကွယ်ကုသရေးနှင့် လတ်တလော ပျော့ခွေအကြောသေရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်အသေးစိတ်ကို တက်ရောက်လာသော ခရိုင်/ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများအား အသိပညာပေး ဟောပြောရှင်းလင်းသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဌ ဒေါ်မိုးသူတင့်နှင့်အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသလျက်ရှိသော ဝမ်းပျက်ဝမ်းလျှော လူနာများအား ဓာတ်ဆားထုပ်၊ ရေသန့်ဘူးနှင့် ဆေးဝါးများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ဝဲပုံ)** (ဝ၂၅)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၈ ရက် နံနက် ၁၀ နာရီက အထက(၂) ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးတင်တိုးက ကျောင်းနေအရွယ်ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ပြောကြားသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာ ဦးခင်မောင်ထွန်းက ချီးတဲ့သောမူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅၈၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ဖြင့် ငွေကျပ် ၇၉ သိန်းနှင့် ဗလာစာအုပ်ဒါဇင် ၁၅၀ လှူဒါန်းပြီး **(အောက်ပုံ)** အလှူရှင်များက ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံ စုစုပေါင်းလှူဒါန်းငွေကျပ် ၉၃ သိန်း သုံးသောင်းကျော်ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရှိရသည်။ **(စမ်းစမ်းကြည်)**



# သက်ကြီးရွယ်အို အထူးကုပြင်ပလူနာဌာန ဆောက်လုပ်ရန် အလှူငွေပေးအပ်

**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ခုတင်(၃၀၀)ဆံ့ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီးတွင် ငွေကျပ် သိန်း ၄၀၀ အကုန်အကျခံ ဆောက်လုပ်လျက်ရှိသော သက်ကြီးရွယ်အို အထူးကုပြင်ပလူနာဌာန အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲကို မေ ၂၈ ရက်က ကျင်းပရာ ပထမဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းက ဆောက်လုပ်လျက်ရှိသော အဆိုပါဆေးရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းထံ အလှူရှင်များဖြစ်ကြသော ဒေါက်တာ ဖေခင် (မိသားစု) က ငွေကျပ် သိန်း ၅၀၊ ဦးဇော်ဝင်း (Royal Club) က ငွေကျပ်သိန်း ၅၀၊ ဒေါက်တာဒေါ်သီတာဆွေ (ထူးထရေးဒင်း ကုမ္ပဏီ)က ငွေကျပ် ၂၂၅၀၀၀၀၊ ဦးသန်းမြ-ဒေါ်အေးအေးသန်း (တက်နေဝန်းဆေးဆိုင်)က ငွေကျပ် ငါးသိန်း၊ ဒေါက်တာ သူဇာချစ်တင် (ဒုတိယညွှန်မှူး- ကျန်းမာရေးဦးစီးဌာန) က ငွေကျပ် သုံးသိန်း၊ ဒေါ်ခင်ရီ (သီရိရိပ်သာ၊ ကိုးမိုင်) က ငွေကျပ်တစ်သိန်း လှူဒါန်းကြသည်။

အဆိုပါ ဆေးရုံအတွက် လှူဒါန်းလိုပါက ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်း ဖုန်း-၀၁-၆၄၀၅၂၃ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(ဝ၃၁)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ



# မော်လမြိုင်ကျွန်းမြို့နယ် ရေကမြင်းကျေးရွာ၌ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇွန် ၁**

မော်လမြိုင်ကျွန်းမြို့နယ် အလယ်ရေကျော်ကျေးရွာအုပ်စု ရေကမြင်းကျေးရွာတွင် ဆွစ်ဇာလန်နိုင်ငံ ဆွစ်ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(S.D.C)နှင့် ယူနီဆက်တို့မှ ဆောက်လုပ်လှူဒါန်းသော ငွေကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိ ဆိုင်ကလုန်းရှယ်တာအဆင့်ရှိ စကူးလ်ရှယ်တာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၁ နာရီက ကျောင်းဆောင်သစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းဆွေ၊ အလယ်ရေကျော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းကျော်၊ ဆွစ်ဖွံ့ဖြိုးရေးတာဝန်ခံ ကိုယ်စားလှယ် မစ္စတာမိုက်ကယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဘိုဂီ၊ ကျောင်းအုပ်ကြီး ဦးသိန်းဝင်းနှင့် ရပ်မိရပ်ဖ ဦးထွန်းကြည်တို့က ကျောင်းဆောင်သစ် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးများတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ် ရေကမြင်းကျေးရွာရှိ ကျောင်းဆောင်သစ်မှာ အလျား ၇၂ ပေ၊ အနံ ၃၂ ပေနှင့် အမြင့် ၂၂ ပေရှိသော ကျောင်းဆောင်သစ်ဖြစ်ပြီး သဘာဝဘေးဖြစ်ပေါ်လာပါကလည်း ရေကမြင်းကျေးရွာပြည်သူများ ခိုလှုံနိုင်သော အဆောက်အအုံဖြစ်ကြောင်းသိရှိရသည်။ (ဝ၆၅)

# မန်စီမြို့နယ်၌ ဆည်အတွင်းငါးမျိုးစိုက်ထည့်

**မန်စီ ဇွန် ၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် ကောင်ရာရပ်ကွက် နောင်ဒွဲဆည် (၁)၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်သင်းသင်းခိုင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ငါးကြင်းရွှေဝါ သားပေါက်ကောင်ရေ နှစ်သိန်းအား နောင်ဒွဲဆည်ကန်အတွင်း စုပေါင်းမျိုးစိုက်ထည့်ကြကြောင်း သိရှိရသည်။ **(မွေးမြူရေး)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သနပ်ပင်မြို့နယ်၌ ပညာပေးဟောပြော

**သနပ်ပင် ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ဈေးပိုင်းရပ်ကွက်၌ တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဈေးပိုင်ရပ်ကွက် ကျွန်းသာယာအခြေခံပညာမူလတန်းကျောင်း၌ မေ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပရာ သနပ်ပင်မြို့နယ် နယ်မြေတာဝန်ခံ တောအုပ်ကြီး ဦးဝင်းသန်းက တရားမဝင်သစ်ထုတ်လုပ်မှုလျှော့နည်းပပျောက်ရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်းကောင်း၊သနပ်ပင်မြို့နယ်သစ်တောဦးစီးဌာနမှ ဘိနယ်တာဝန်ခံ တောအုပ်ဦးဝင်းဇော်က သစ်တောဥပဒေနှင့်ပတ်သက်သည့် သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြကြောင်း သိရှိရသည်။ **(အောက်ပုံ)(သစ်တောဦးစီးဌာန)**



# ဘောလုံးပြိုင်ပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

**ပုသိမ် ဇွန် ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် သက်န်းဒေါင့်ကျေးရွာအုပ်စု သရက်ပင်လှကျေးရွာတွင် မေ ၂၆ ရက် ညနေ ၃နာရီက ရွှေညီအစ်ကိုဖလားအမှတ်ပေးဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲနှင့် အမက သရက်ပင်လှကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ရွှေညီအစ်ကိုဖလားဘောလုံးပြိုင်ပွဲ ဖြစ်မြောက်ရေး တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းငွေက အမှာစကားပြောကြားပြီးနောက် အလှူငွေပေးအပ်ပွဲကျင်းပရာ မက်စ်မြန်မာကုမ္ပဏီများအုပ်စု ဧရာဝတီဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးကြည်သန်းနှင့် ဦးဌေးနိုင်ဝင်းတို့လှူဒါန်းသော အမကသရက်ပင်လှကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း ၁၀၀ ကို သက်န်းဒေါင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းအောင်က လက်ခံယူပြီး တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းငွေ-ဒေါ်မော်မော်သန်း၊ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းငွေ-ဒေါ်လှဲ့လှဲ့ဝင်း မိသားစုတို့လှူဒါန်းသော အလှူငွေကျပ် သိန်း ၃၀ ကို ကျောင်းအကျိုးတော်ဆောင်ဦးကျော်ကျော်က လက်ခံယူသည်။ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲတွင် သက်န်းဒေါင့်အသင်းနှင့် ငါးရန့်ချောင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရှိရသည်။ **(မင်းဇော်ဦး-ရေကြည်)**

# ခြောက်လမ်းသွား ကွန်ကရစ်အမျိုးအစား သုဓမ္မာလမ်းမကြီး မကြာမီ ပြီးစီးတော့မည်

**သတင်းဆောင်းပါး-နွဲ့နွဲ့ကြည် + ဝင်းဝင်းမော်(သတင်းစဉ်)**

**ရန်ကုန် ဇွန် ၁**

ရန်ကုန်မြို့ရှိ နေရာတော်တော်များများ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)က လမ်းသားများချဲ့ထွင်ခြင်း၊ ပလက်ဖောင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် ကွန်ကရစ်များခင်းကျင်းခြင်း စသည့်ပြုပြင်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည့်အနက် ခြောက်လမ်းသွား ကွန်ကရစ်အမျိုးအစား သုဓမ္မာလမ်းမကြီး လုပ်ငန်းဆောင်ရွက်မှုအားလုံး မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရှိရသည့်အတွက် မိမိတို့သတင်းအဖွဲ့ သွားရောက်မေးမြန်းခဲ့သည်။

သုဓမ္မာလမ်းမကြီးမှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ တည်ရှိပြီး အုတ်ပုံဆိပ်လမ်းတံတားထိပ်မှ အောင်မင်္ဂလာအဝေးပြေးဝင်းထိပ်အထိ အရှည်ပေ ၂၅၀၀၀ ခန့်ရှိသည်။ ယခင်က ကတ္တရာလမ်းဖြစ်ပြီး ယခုအခါ ထု ၁၁ လက်မ၊ အကျယ် ၆၆ ပေရှိ ခြောက်လမ်းသွား ကွန်ကရစ်လမ်းအဖြစ် အပိုင်းခြောက်ပိုင်းပိုင်း၍ ခင်းကျင်းလျက်ရှိသည်။ ယင်းတို့အနက် အုတ်ပုံဆိပ်လမ်းမှ မယ်လမုဘုရားအထိအပိုင်းနှင့် ကန်သာယာမှ အောင်မင်္ဂလာအထိအပိုင်းမှာ လုပ်ငန်းအားလုံးပြီးစီးသွားပြီဖြစ်၍ လမ်းအသုံးပြုလျက်ရှိပြီဖြစ်သည်။ ကျန်သောအပိုင်းလေးပိုင်းမှာလည်း လုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီး ၂၀ ရာခိုင်နှုန်းခန့်သာကျန်ရှိတော့ကြောင်းတွေ့ရသည်။ မြောက်ဥက္ကလာပ အဝိုင်းမီးပွိုင့်မှ သန္တာလမ်းအထိအပိုင်းကို ဌာနစုမှူး AE ဦးမိုးဆန်းကလည်းကောင်း၊ သန္တာမှ ဝဇီယာအထိအပိုင်းကို AE ဦးသန်းဌေးကလည်းကောင်း၊ ဝဇီယာမှ ကန်သာယာလမ်းအထိ AE ဦးသန်းဟုတ်က လည်းကောင်း၊ မယ်လမုဘုရားမှ အဝိုင်းအထိအပိုင်းကို AE ဦးမင်းသိန်းကလည်းကောင်း တာဝန်ယူဆောင်ရွက်ကြပြီး အဖွဲ့ခေါင်းဆောင်အဖြစ် ACE ဦးအောင်သန်းကလည်းကောင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ အလုပ်သမားဦးရေ ၁၀၀ခန့်နှင့် နေ့/ညအချိန်ပြည့် ဆောင်ရွက်ကြသည့်အတွက် လုပ်ငန်းစတင်ချိန်မှ သုံးလကျော်ကာလအတွင်း အပြီးဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်းနှင့် ဇွန် ၁၅ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးအောင်ဆောင်ရွက်သွားမည်ဟု သိရသည်။ "ဒီလမ်းမကြီးက ရန်ကုန်မြို့ထဲကနေ အောင်မင်္ဂလာအဝေးပြေးဝင်းကို သွားချင်ရင်လည်း ဒီလမ်းကပဲသွားရတာ၊ ရေဝေးသုသာန်ကိုလည်း ဒီလမ်းကိုပဲ အသုံးပြုရတာ၊ မြောက်ဒဂုံ၊ ခေမာသီ၊ မင်္ဂလာဒုံ၊ ပုလဲမြို့သစ်တို့ကိုသွားတဲ့ လိုင်းကားပေါင်းစုံကလည်း ဒီလမ်းကသွားရတာဆိုတော့ လိုင်းကားပေါင်းစုံသလို ခရီးသည်လည်းများတယ်။ ယခုလိုပြုပြင်လိုက်တာ အတော်ကောင်းပါတယ်" ဟု ခရီးသွားပြည်သူတစ်ဦးက ပြောကြားသည်။

ယခင်က မိုးရာသီတွင် ရေတင်ရေလျှံမှုများကြောင့် လမ်းများပျက်စီးကာ ယာဉ်ကြောပိတ်ဆို့ပြီး ခရီးလမ်းကြောင်း ဖင့်နှေးကြန့်ကြာခဲ့ရသည်။ ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရန်နှင့် ခရီးသွားများအဆင်ပြေချောမွေ့စေလိုသော စေတနာဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား) က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ကွန်ကရစ်လမ်းခင်းရာတွင် ပြည်တွင်းဖြစ်ပစ္စည်းများကိုသာ သုံးစွဲရသည့်အတွက် နိုင်ငံခြားငွေသက်သာကြောင်းလည်း သိရသည်။ လုပ်ငန်းခွင်ကာလအတွင်း အခိုက်အတန့်အားဖြင့် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ခရီးသွားပြည်သူများအခက်အခဲများနှင့် ကြုံတွေ့ကြရသည်။ အခိုက်အတန့်စိတ်ဆင်းရဲခြင်းကိုသည်းခံပြီး ရေရှည်စိတ်ချမ်းသာမှုကို ရှေးရှုကြရမည်ဖြစ်သည်။ မကြာမီကာလအတွင်း ခြောက်လမ်းသွားကွန်ကရစ်လမ်းမကြီးပေါ် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

# Special Monsoon Sales

Forever Gems by ရွှေနန်းတော် စိန်ရွှေရတနာဆိုင်

ဇွန်လ(၂)ရက်နေ့မှ ဇူလိုင်လ(၃၁)ရက်နေ့အထိ

* Lucky Draw Gift Vouchers
* Golden Palace Super Diamonds Cards
* GIA/HRD Certificate Diamonds Avialiable
* KBZ Hire Purchases







Hundreds of New Designs for Your Choice

Up to 30% off

Open Daily to Grant Your Golden Desires

- (B)- 025. မြေညီထပ်၊ Junction Square Shopping Centre ကျွန်းတောလမ်းနှင့် ပြည်လမ်းကြား၊ ရန်ကုန်မြို့ ဖုန်း -09 731 45462, 09 731 45463.

ရွှေမင်းဂြိုဟ်

အကြောပြေ မျက်စိကြည်ဆေး

MEC သို့ ...

MINGALAR EDUCATION CENTRE

MEC

အထူးအဆင့်မြင့် စာသင်ဝိုင်းသီးသန့် နှင့် ဘော်ဒါ

**နေရာကောင်း ဦးရာလူရမည်**

အောက်ကြည့်မြင်တိုင်၊ လမ်းမကြီးပေါ် ၃၅ပေ X ၅၅ပေ မြေပေါ်ရှိ လေးထပ်တိုက်၊ ပါဝါမီတာ၊ ဘိုးဘွားပိုင်၊ A/C (၁၁)လုံး၊ လိုင်းဖုန်း၊ 60 KVA မီးစက်တစ်လုံး၊ အရှုပ်အရှင်းကင်း၊ လက်ရှိကုမ္ပဏီဖွင့်နေ။

ဖုန်း-၀၉-၅၀၁၃၈၁၅၊ ၀၉-၄၃၀၅၁၀၀၃၊ ၀၉-၆၉၃၁၀၄၄၆

# Taxi ယာဉ်မောင်းများအတွက်

5 NETWORK






## Taxi မောင်းရင်း စျေးရောင်းနိုင်မယ့်အခွင့်အရေး

ဆက်သွယ်ရန်ဖုန်း - 01-400878

## *Congratulations to the* NAING FAMILY Co., Ltd. (Cherry Oo Watch Gallery) *for Being Accredited with ISO 9001:2008 Certificate*

မြန်မာနိုင်ငံနာရီလောကတွင် အရည်အသွေးမြင့်မားသော နာရီများနှင့် ပတ်သက်ပြီး Import, Sales, Distribution and After Sales Services of Watches အတွက် အင်္ဂလန်နိုင်ငံ (United Kingdom Accreditation Service) မှချီးမြှင့်သည့် နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးစီမံခန့်ခွဲမှုစနစ် ISO 9001:2008 (Management System) လက်မှတ်ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည့် **Admin Director ဒေါ်ခင်အေးမြင့်၊ General Manager ဦးမောင်မောင်စိုး၊ ဦးကျော်ကျော်မိုး၊ Assistant General Manager ဦးဖြိုးမောင်မောင်ကြူ** နှင့် **NAING Family Co., Ltd.(Cherry Oo Watch Gallery)** မှ ဝန်ထမ်းများအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးကျော်နိုင်ဦး
**Chairperson**
**NAING Group Of Companies**

ဦးဇော်နိုင်ဦး
**Chairman**
**NAING Group Construction Co., Ltd.**

ဦးသက်နိုင်ဦး
**Chairman**
**NAING Family Co., Ltd.**

ဒေါ်လဲ့ရည်ဝင်း
**Managing Director**
**NAING Group Construction Co., Ltd.**

ဦးအောင်နိုင်ဦး
**Managing Director**
**Champion Construction Materials Co., Ltd.**

ဦးဇင်မြိုး
**Chief Executive Director**
**NAING Group Construction Co., Ltd.**

ဦးအောင်နိုင်မိုး
**Business Director**
**NAING Group Construction Co., Ltd.**

ဦးစောမြင့်အောင်
**Operation Director**
**NAING Group Construction Co., Ltd.**

ဦးသန်းရှိန်
**Director Engineer**
**NAING Group Construction Co., Ltd.**

ဦးထက်နိုင်ဦး
**Chief Executive Officer**
**Myanmar New Generation Design Co., Ltd.**

ဒေါက်တာဒေါ်တင်တင်ဝင်း
**Director Engineer (Structure)**
**NAING Group Construction Co., Ltd.**

ဒေါ်မြသီတာ
**Director**
**NAING Group Construction Co., Ltd.**

ဦးကိုကိုဦး
**Chief Executive Officer**
**Champion Construction Materials Co., Ltd.**

**Mr. A Hussein Vora**
**Chief Executive Officer**
**GEO-TECH PILE Co., Ltd.**

**ဦးအေးထွန်း** (ညောင်လေးပင်)
**အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)၊ MEPE**
**အသက်(၇၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်နေ (ဦးထွန်းတင်-ဒေါ်တင်)တို့၏သား၊(ဦးထွန်းတင်-ဒေါ်သန်းတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စ/သုမင်္ဂလာရပ်ကွက်၊ ဂုဏ္ဏသဃလမ်း၊ အမှတ် ၈၀-ဃနေ ဒေါ်မြမြ၏ခင်ပွန်း၊ ဒေါက်တာကိုကိုထွန်း(ကျန်းမာရေးဌာန၊ YCDC)-ဒေါ်ခိုင်ခိုင်ဦး၊ ဒေါ်ညိုညိုထွန်း (နည်းပညာတက္ကသိုလ်၊မှော်ဘီ)၊ ဗိုလ်မှူးညီညီထွန်း(ငြိမ်း)-ဒေါ်မေမျိုးသက်၊ ဒေါ်ချိုချိုထွန်းတို့၏ဖခင်၊ မဖြူသီရိထွန်း(အမက-၃၊ ဗဟန်း)၏အဘိုးသည် ၃၁-၅-၂၀၁၂ရက် (ကြာသပတေးနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးချစ်လွင်**
**AGTI (EP) 1984 (အင်းစိန်)**
**B.Sc (Physics)**
**ဟန်စိန်သန့် (Engineering Co., Ltd.)**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၁၄၄နေ (ဦးတင်အုန်း-ဒေါ်ခင်ရီ)တို့၏သား၊ ဦးကြည်လွင်-ဒေါ်နော်မြရင်၊ ဒေါ်ပြုံးပြုံးအေးတို့၏ညီမောင်၊ ဒေါ်မြမြအေး(အမက-၁၂၊ အင်းစိန်)၊ ဦးသိန်းလွင် (E/O Golden Eagle)-ဒေါ်ဖြူဖြူသင်း၊ ဒေါ်တင်တင်ကြည်၊ ဒေါ်သင်းသင်းထွေး၊ (ဦးထွန်းလွင်)၊ (ဦးညီညီလွင်)၊ ဒေါ်စုစုလွင်တို့၏အစ်ကို၊ မောင်စောအောင်မင်းစိုး-မနော်ဖွေထီး၊ မောင်စောထွန်း၊ မနော်သော်တာကြည်တို့၏ဦးလေး၊ မောင်ဟိန်းထွဋ်ဝင်း(4th E, WILLI Rickmer UNITEAM)၊ မောင်ရဲထူးအောင်(4th Year N/A MMU)၊ မရွှေယမင်းဦး(2nd Year မြန်မာစာ)၊ မမေမြတ်မွန်တို့၏ဘကြီးသည် ၃၁-၅-၂၀၁၂ရက် မွန်းလွဲ ၂း၄၅နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂-၆-၂၀၁၂ရက်(စနေနေ့)ညနေ ၃နာရီတွင်ထိန်ပင်သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

ဒေါ်ခင်မိုးလွင် (စာရင်းကိုင်-၂)၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ) အသက်(၄၇)နှစ်သည် ၃၁-၅-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တွဲဖက်ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

---

**ဒေါ်သန္တာဦး**
**B.Com**
**(စာရင်းစစ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**
**အသက်(၂၉)နှစ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၊ သာယာကုန်းရပ်ကွက်နေ ဦးမောင်ထိုက်-ဒေါ်မူသားတို့၏သမီး၊ ဦးထွန်းအောင်(ဒု-ဦးစီးမှူး၊ ပြန်/ဆက်ဦးစီး၊ ရှားတောမြို့နယ်)၏ဇနီး၊ မောင်မျိုးဝင်းအောင်(ဒု-ဦးစီးမှူး၊ သာသနာရေးဦးစီးဌာန၊ ကယားပြည်နယ်)၏အစ်မသည် ၂၈-၅-၂၀၁၂ရက် (တနင်္လာနေ့) ည ၉း၅၀နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၉-၅-၂၀၁၂ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် နေပြည်တော်ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၃) မြေကွက်အမှတ် ၁၃၄၆ မူလအမည်ပေါက်ဦးကျော်ဦး၏မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးကာလီ ၁၂/ကတန(ပြု)၀၀၁၄၈၃ က မြေကွက်စလစ်(မူရင်း)နှင့် ငွေသွင်းချလန်(မူရင်း)များ တင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား(မူရင်း)များ တင်ပြ၍ သန်လျင်-ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းရုံး၊ မြေယာရုံးခွဲ၂၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ-၂၊မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**
**ဒေါ်မေမြတ်နွယ်** (မြင်းခြံ)
**(အလယ်တန်းပြ၊ ငြိမ်း၊ အလက-၁၊ မြင်းခြံ)**
**အသက်(၆၀)**

မြင်းခြံမြို့၊ (၁၃)ရပ်ကွက်၊ နေဝန်း၊ အမှတ်၅၇၉နေ(ဦးအောင်မြတ်-ဒေါ်ပြား)တို့၏သမီးကြီး၊ ဦးကျော်ဆွေ (ရွှေဇီးကွက်ဆေးလိပ်ခုံ)၏ဇနီး၊ ကိုဇော်မင်းဦး-ဒေါက်တာဖြူအေးဝေ (ကလေးအထူးကုဆေးရုံကြီး၊ မန္တလေး)၊ မနှင်းဝေဝေကျော် (Software Engineer စင်ကာပူ)၊ မောင်ထက်ဝေလင်း(ပထမနှစ်၊ B.Tech Civil)တို့၏မိခင်သည် ၁-၆-၂၀၁၂ရက် မွန်းတည့် ၁၂း၁၀နာရီတွင် ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**သတိပေးနှိုးဆော်ချက်**

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးထွန်းရင်** (လူထုမေတ္တာစတိုး)
**တန့်ဆည်မြို့နယ်အသင်း ဂုဏ်ထူးဆောင်နာယက**
**အသက်(၈၆)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နေ(ဦးသာဒွန်း-ဒေါ်ဖွားယုံ)တို့၏သား၊ (ဦးဘအေး-ဒေါ်သန်းခင်)တို့၏သားသမက်၊ ဒေါ်မမကြည်၏ခင်ပွန်း၊ အမှတ် ၅၈၅၊ ပြည်လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဒေါ်မြင့်သီတာ(ဌာနမှူး၊ သတ္တဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ ဦးကျော်မင်း (K ၊ လူထုမေတ္တာစတိုး)-ဒေါ်ခင်ဝါဝါမြင့်(မြဝတီရုပ်မြင်သံကြားသတင်းဌာန)၊ ဦးထွန်းဝင်း(လူထုမေတ္တာ မြန်မာ့ဆေးမျိုးစုံ၊ လမ်းမတော်)တို့၏ဖခင်၊ (ဦးထွန်းရှင်)-ဒေါ်တင်ဥ (ကြယ်ပွင့်ဆေးတိုက်)၊ (ဦးထွန်းမှင်-ဒေါ်လှစော၊ ဇော်ပွင့်ဆေးတိုက်)၊ ဦးသာလွင်-ဒေါ်အေးချို(ရွှေညာသားဆေးဆိုင်)တို့၏အစ်ကို၊ မမေမြတ်နိုးမင်း(Grade-IX,A၊ အထက-၂၊ လသာ)၊ မအေးရတနာမင်း(Grade-V, A ၊ အထက-၂၊ လသာ)တို့၏အဘိုးသည် ၃၁-၅-၂၀၁၂ရက် နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးထွန်းရင်** (လူထုမေတ္တာစတိုး)
**အသက်(၈၆)နှစ်**

ဦးကျော်မင်း (K၊ လူထုမေတ္တာစတိုး)-ဒေါ်ခင်ဝါဝါမြင့် (မြဝတီရုပ်မြင်သံကြားသတင်းဌာန)တို့၏ဖခင်သည် ၃၁-၅-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဖြေ (ဒေဝယက္ခဆေးတိုက်မိသားစု)၊**
**ပဲခူးမြို့**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**
**ဦးထွန်းရီ** [အင်ဂျင်နီယာမှူးကြီး(ပစ္စည်းဦးစီး) (ငြိမ်း)]
**ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၆၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးဘဝင်း -ဒေါ်စု)တို့၏သားငယ်၊ (ဦးမောင်လေး၊ သိမ်ကြီးဈေး-ဒေါ်မြကြည်၊ ရခိုင်သဇင်ခြံ)တို့၏ညီငယ်၊ ဒေါ်စန်းကြည်၏ခင်ပွန်း၊ ကိုဝင်းထွန်း-မချိုချိုလွင်(တစ်-နှစ်-သုံး ကားပစ္စည်းရောင်းဝယ်ရေး)၊ ကိုဝင်းနိုင် (Genius Digital Video & Photo Studio)-မဇပြည့်ခိုင် (Sr.Accountant, Air Bagan Ltd.)၊ မမြတ်သူဇာထွန်း၊ ကိုတင်ထွန်းဝင်း(ခေတ္တ-Japan)တို့၏ဖခင်ကြီး၊ မခိုင်ကြယ်စင်ဝင်း(ခ)ရှန်ရှန်း(Victory Pre-School)၏အဘိုး၊ ဦးဝင်းဗိုလ်-မမြင့်မြင့်အေး၊ ကိုစိန်ဝင်း-မနန်းပိုးခမ်း၊ ကိုကျော်ကျော်ညွန့်၊ ကိုမျိုးချိုအေးတို့၏ဦးလေးသည် ၁-၆-၂၀၁၂ရက်(သောကြာနေ့) နံနက် ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တစ်-နှစ်-သုံး ကားပစ္စည်းရောင်းဝယ်ရေး၊ အမှတ် ၁၂၃၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးရွှေနု**
**(ရမ္မာမြေသက်ရွှေ)**
**ကျောက်ဖြူမြို့**
**အသက်(၇၄)နှစ်**

ကျောက်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက် ဦးဥတ္တမလမ်း၊ ဖြတ်လမ်း ၇၊ အမှတ် ၁၅၈နေ(ဦးမာန်အောင်သား-ဒေါ်ဝေသာဖြူ)တို့၏သား၊ ဒေါ်စောဖြူ(ကုန်သည်)၏ခင်ပွန်း၊ ဒေါ်ခင်ခင်တိုး-ဦးမောင်မောင်ချို(မာန်အောင်မြို့နယ် အင်/ယာ၊ ဆောက်လုပ်ရေး)၊ ဦးစိုးမင်း(ဂျပန်)-ဒေါ်စောထွေးထွေးအောင်(ဂျပန်)တို့၏ဖခင်၊ မချိုသဉ္ဇာလင်း(ဒု-နှစ်၊ဥပဒေ၊စစ်တွေ)၊ မောင်စိုးမြတ်နိုး(နဝမတန်း၊အထက-၂၊ကျောက်ဖြူ)၊မောင်ဇေယျာထက်တို့၏အဘိုးသည် ၁-၆-၂၀၁၂ရက်တွင် ကျောက်ဖြူမြို့ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် (စနေနေ့) ညနေ ၃နာရီတွင် ကျောက်ဖြူမြို့၌သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ဦးခင်ညွန့်(ခ)ဦးအသိုင်း**
**ယခင် (BOC) ဖျာပုံမြို့**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၃၀၊ ၃၂၊ ဒုတိယထပ်(A)၊ ၁၀လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးချန်ဘိုးတီ-ဒေါ်ကျင်တီ)တို့၏ ဒုတိယသား၊ ဒေါ်ကျင်မြင့်၏ခင်ပွန်း၊ ဦးသွန်းလှိုင်-ဒေါ်လှလှပုံ၊ ဦးချမ်းသာ-ဒေါ်ကြူကြူအောင်၊ဒေါ်ခင်ခင်ပုံ၊ဦးသန်းကျော်-ဒေါ်သင်းသင်းသွယ်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည်၁-၆-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်အေးအေးသန်း**
**(စား/ထွေ၊ ငြိမ်း)**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးကိုကိုကြီး၊ တပ်မတော်မှတ်တမ်းရုံး၊ ငြိမ်း-ဒေါ်အမာ)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ (ဦးခင်မောင်ကြည်၊ ဒုရဲမှူး) - ဒေါ်ခင်အေးမြင့်တို့၏ညီမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဂုဏ္ဏသဃလမ်း၊ အမှတ် ၇၂/ဘီ (ခြောက်လွှာ)နေ ဦးသက်နိုင် (ဦးစီးအရာရှိ၊ ငါးဦးစီး)-ဒေါ်အေးအေးသိန်း(ဦးစီးအရာရှိ၊ ငါးဦးစီး)၊ (ဦးကိုကိုနိုင်)တို့၏အစ်မ၊ မောင်ကောင်းစည်သူ (ပနှစ်၊ ဇီဝဓာတု၊ ဒဂုံတက္ကသိုလ်)၊ မအေးချမ်းမြေ့(Grade-7,A၊ အထက-၂၊ ဗိုလ်တထောင်)တို့၏ကြီးတော်သည် ၁-၆-၂၀၁၂ရက် (သောကြာနေ့) နံနက် ၃း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးအောင်မင်း** (ပလက်ဝ)
**B.Sc (Chemistry)**
**ဌာနခွဲစာရေး၊**
**ပြည်နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**(ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး)**
**အသက်(၃၃)နှစ်**

ပလက်ဝမြို့နယ်၊ အောက်ဘလိုင်းကျေးရွာနေ (ဦးလိုင်းယိန်း-ဒေါ်တမ်နွဲ့)တို့၏သား၊ပေါက်တောမြို့နယ်၊ ရေညွှင်းချောင်းကျေးရွာနေ (ဦးမောင်စံကျော်-ဒေါ်လှလှ)တို့၏သားသမက်၊ ပလက်ဝမြို့နယ်၊ မြေနီကုန်းရပ်နေ (ဦးအောင်မြ)-ဒေါ်တောင်တန်း၊ ဦးကိုလင်း(လ/ထ မြို့နယ်ပညာရေးမှူး)၊ နွားထိုးကြီးမြို့၊ ဦးခူလန်း(ထ/ပြ၊ အထက-ဆမီး)-ဒေါ်တောင်ထက်၊ ဦးအောင်လင်း-ဒေါ်ဝေ့ခင်၊ ဦးစံသိန်း-ဒေါ်ကိုးယိန်း၊ ဗိုလ်ကြီးကျော်မိုး(ငြိမ်း) (မီးရထား၊ စစ်တွေ)၊ ဒေါ်ခင်ဟွေ့၊ ဦးထွန်းတင်-ဒေါ်ကိုးထွန်း (ခေတ္တ-မလေး)တို့၏ ညီ၊မောင်၊အစ်ကို၊ ဒေါ်စန်းစန်းအေး(ထ/ပြ၊ အထက-ခွဲ၊ စေတီတောင်)၏ခင်ပွန်းသည် ၃၁-၅-၂၀၁၂ရက် ၀၄း၅၀နာရီတွင်စစ်တွေမြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မှန်စီသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ရဟန်းမယ်တော်ကြီး**
**ဒေါ်တင်ကြည်** (ကော့ကဒွတ်)
**အသက်(၈၇)နှစ်**

မွန်ပြည်နယ်၊ ကော့ကဒွတ်ရွာနေ (ဦးဘိုးသောင်-ဒေါ်ငွေသင်)တို့၏သမီး၊ (ဦးငွေဟန်)၏ဇနီး၊ ဦးအာလောက၊ ဒေါ်မြင့်မြင့်ခင်၊ ဦးတင်နိုင်-ဒေါ်ခင်သန်းမြင့်၊ ဒုတိယဗိုလ်မှူးကြီးအောင်မြိုင် (ငြိမ်း)-ဒေါ်ချိုချိုဟန်တို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ် ၁၈ယောက်တို့၏ဘွားဘွားကြီးသည် ၁-၆-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [၁/၄/၃၊ (၁၄/၃)၊ ယုဇနမာလာလမ်း၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးချစ်မြ** (မြိတ်၊ ပုလော)
**အသက်(၈၆)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နေ (ဦးဖေမွဲ-ဒေါ်ချူးမေ)တို့၏သား၊ အမှတ် ၇၀၊သီတာလမ်း၊ကျောက်မြောင်းနေ (ဒေါ်ကြည်ညွန့်)၏ခင်ပွန်း၊ ကိုမျိုးသန်း-မလွင်လွင်ငွေ၊ ကိုသန်းနိုင်-(ဒေါ်ခင်စန်းယု)၊ ကိုကျော်နိုင်-မသီရီလှိုင်-မဝင်းဝင်းခိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁-၆-၂၀၁၂ရက်(သောကြာနေ့)ညနေ ၃း၁၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (မြိတ်အသင်းနှင့်နေအိမ်တို့မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်မြမြဝင်း**
**အသက်(၅၉)နှစ်**

ပုသိမ်မြို့နေ (ဦးကျော်သန်း-ဒေါ်သိန်းမျှင်)တို့၏သမီး၊ ရန်ကုန်မြို့၊ တိုက် ၈၊ အခန်း ၂၀၄၊ မြန်နန္ဒာအိမ်ရာ၊ (၁၄)ရပ်ကွက်၊ အုတ်ကျင်း၊ လှိုင်မြို့နယ်နေ ဦးကျော်ဝင်း၏ဇနီး၊ ကိုတင်ဝင်း-မဖြူဖြူကျော်၊ ကိုကျော်ဇင်ထိုက်-မယမင်းထွန်း၊ ကိုကျော်လွင်ထိုက် - မဇင်မာကျော်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၃၁-၅-၂၀၁၂ရက်(ကြာသပတေးနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ် ဒါယကာ**
**ဦးသန်းထိုက်လွင်(ခ)**
**ကိုကိုကြီး**
**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရွာသာကြီးရပ်ကွက်၊ အပိုင်(၁)နေ ဦးဝင်းလွင်-ဒေါ်စန်းစန်းတို့၏သား၊ ဦးမြသန်း-ဒေါ်မြအေးတို့၏သားသမက်၊ ဦးရွှေသာအောင်-ဒေါ်ဝါဝါလွင်၊ ဦးတင်ထွန်း-ဒေါ်သီတာလွင် (နေခြည်ထွန်း)၊ ဦးအောင်ဝင်း-ဒေါ်ငွေးငွေးဦး၊ ဦးသန်းထိုက်အောင်-ဒေါ်ခင်မြင့်ဝေတို့၏အစ်ကို၊ ဒေါ်မိုးဥမ္မာဝေ၏ခင်ပွန်း၊ မောင်ခန့်မင်းလွင်၊မကြည်ဖြူစင်သန့်၊မသံသာမိုးထိုက်တို့၏ဖခင်၊ တူ၊ တူမ ၁၀ယောက်တို့၏ဘကြီးသည် ၁-၆-၂၀၁၂ရက် နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊**
**ပိဋကတ်တိုက်ကျောင်းစာသင်တိုက်**
**ဦးစီးပဓာန နာယက**
**ဘဒ္ဒန္တဥတ္တရ** (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
**သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါ**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ စလံရွာနေ (ဦးစံခ-ဒေါ်တော့)တို့၏သား၊ သံဃသမ္မုတိရ သံဃကိုယ်စားလှယ် ပြည်နယ်ဩဝါဒါစရိယ၊ ပြည်နယ်ဝိနည်းဓိုရ်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဥတ္တရ မဟာထေရ်မြတ်ကြီးသည် (၁၃၇၄ခုနှစ် နယုန်လဆန်း ၁၁ရက်) ၃၁-၅-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၄ခုနှစ် နယုန်လဆန်း ၁၄ရက်) ၃-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်
ဒါယကာ၊ ဒါယိကာမများ

---

**ဒေါ်စောညွန့်**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၃)ရပ်ကွက်၊ အေးရိပ်မွန် ၄လမ်း၊ တိုက် ၁၊ အခန်း ၁၀၂နေ ဦးသာလှိုင်၏ဇနီး၊ ဒေါ်မူမူဆွေ၊ ဒေါ်မြင့်မြင့်ခိုင်-ဦးမျိုးခန့်၊ဒေါ်သော်သော်လှိုင်-ဦးပြည်မိုး၊ ဒေါက်တာခင်ဇော်လှိုင်-ဒေါက်တာနီနီသော်၊ ဒေါ်စန်းစန်းလှိုင် (မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း)-ဦးမိုးဇော်ဦးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၃၁-၅-၂၀၁၂ရက်(ကြာသပတေးနေ့) ည ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၂ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဦးတင်ညွန့်**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြံအမှတ် ၂၆၊ ဆရာစံရပ်ကွက်၊ နတ်မောက်ရိပ်သာလမ်းသွယ်နေ ဦးသန်း-(ဒေါ်ကြည်)တို့၏သား၊ဒေါ်နုနုဝေ၏ခင်ပွန်း၊ဦးဘုန်းသက်နိုင်-ဒေါ်ငွေငွေရီ၊ ဦးမြင့်သူ-ဒေါ်ခိုင်ငြိမ်းချမ်း၊ ဒေါ်ဆွေဇင်ဝင့်နွယ်တို့၏ဖခင်၊ မောင်စစ်ပိုင်မှူး၊ မဖူးဖူးစံတို့၏အဘိုးသည် ၃၁-၅-၂၀၁၂ရက် နံနက် ၆နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်မာကြည်** (ပဲခူးမြို့)
**အသက်(၆၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ကြည်တော်ကုန်း(ခ) ၅လမ်း၊ အမှတ် ၄၀၁နေ (ဦးမောင်စိန်-ဒေါ်စော)တို့၏သမီး၊ (ဦးတင်ကြည်)-ဒေါ်ညွန့်လှိုင်၊ ဦးချွန်စိန်-(ဒေါ်သန်းချစ်)၊ (ဦးထိုက်တင်-ဒေါ်ညွန့်လှို)၊ (ဦးမြင့်စိန်-ဒေါ်အုန်းရီ)၊ဦးသိန်းရွှေ-ဒေါ်မြတို့၏ညီမသည် ၁-၆-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁း၅၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၂ရက်(ကြာသပတေးနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဒေါက်တာဆွေထွန်း**
**အထူးကုဆရာဝန်(ဆေးပညာ)**
**ဖျာပုံမြို့နယ်ပြည်သူ့ဆေးရုံကြီး**
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ခိုင်ရွှေဝါ(ဗဟိုလမ်း)၊အမှတ် ၁၂၉နေ ဦးထွန်းဆင်၊ ဒေါ်ခင်သောင်းတို့၏သား၊ ဦးသန်းထွန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်) - ဒေါ်အေးအေးမွန်တို့၏ညီ/မောင်၊ ဦးသိုက်ရွှေ-ဒေါ်ခင်စော၊ ဦးခင်မောင်ညို - ဒေါ်ခင်ငွေးကြွယ်၊ ဦးဝင်းကြည်-ဒေါ်ခင်စန်းရီ၊ ဒုရဲမှူးကြီးအောင်နိုင်(ငြိမ်း)-ဒေါ်ခင်မာကြည်(မွန်ပြည်နယ် ဥပဒေအရာရှိ)၊ ဒေါ်ခင်ခင်တာ၊ ဦးဇော်မင်း(တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူး)-ဒေါ်ခင်ခင်ထွေးတို့၏တူသည် ၃၁-၅-၂၀၁၂ရက် နံနက် ၁၀း၄၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်ကြည်** (ဒီပဲယင်း)
**အသက်(၈၁)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နေ (ဦးဘအုန်း-ဒေါ်အေးခိုင်)တို့၏သမီး၊ ဒီပဲယင်းမြို့နေ (ဦးနွား)၏ဇနီး၊ ဒီပဲယင်းမြို့နယ်၊ မူးရိုးကုန်းကျေးရွာနေ ဦးတင်အုန်း-ဒေါ်သန်း၊ ဦးညွန့်ဝေ-ဒေါ်စန်းမြင့်၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း)-ဒေါ်နုနုမြိုင်၊ ဒီပဲယင်းမြို့နေ ဦးအောင်ဝင်း-ဒေါ်ခင်မာတင့်၊ ရန်ကုန်မြို့နေ ဒေါက်တာကျော်နိုင်-ဒေါ်ခင်သန္တာထွန်း(Deco-Home အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၃၁-၅-၂၀၁၂ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၂ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ပါရမီကွန်ဒို၊ အခန်း ၂၀၆၊ တိုက် ၁၂+၁ နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်မေမြတ်နွယ်** (မြင်းခြံ)
**(အလယ်တန်းပြ၊ ငြိမ်း၊ အလက-၁၊ မြင်းခြံ)**
**အသက်(၆၀)**

မြင်းခြံမြို့နေ (ဦးရွှေ)-ဒေါ်ကြင်တီတို့၏သမီးချွေးမ၊ ဦးကျော်ဆွေ(ရွှေဇီးကွက် ဆေးလိပ်ခုံ)၏ဇနီး၊ ဒေါက်တာခင်မောင်ကြည် - ဒေါ်အေးအေးသန်း၊ ဒေါက်တာစိုးလွင်-ဒေါ်စိုးမိုးသန်း၊ ဆီမီးခုံနေ ဦးစိုး-ဒေါ်အမာ၊ ဦးသိန်းထွန်း-ဒေါ်နုနုလွင်၊ ရန်ကုန်မြို့၊ အင်းလျားလမ်း၊ အမှတ် ၁၇နေ ဒေါက်တာဇော်မြင့် (ဒုညွှန်ချုပ်၊ အဆည)-ဒေါ်စန်းစန်းဝေတို့၏အစ်မ၊ ဒေါက်တာအေးမြင့်ထွန်း(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ကိုဝေဖြိုးမောင် (နောက်ဆုံးနှစ်၊ အပိုင်း-ခ၊ ဆေး-၁)၏အဒေါ်သည် ၁-၆-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**မဆုစန္ဒီအောင်**
**အထက(၂)လသာ**
**အသက်(၁၆)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၇၆ (တတိယထပ်)နှင့် ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ ၁၂၄ (မြေညီထပ်)၊ ၁၈လမ်းနေ (ဦးမျိုးအောင်)-ဒေါ်ရှုရင်(ခ)ဒေါ်စန်းရီတို့၏သမီး၊ ဒေါက်တာသန်းထွန်းဦး (သွားဆရာဝန်)၊ မောင်အောင်မင်းလွင်တို့၏ညီမသည် ၃၀-၅-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ ၁၈လမ်းနေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ R. 488

2-6 (19).pmd 1 6/2/2012, 12:38 AM

# ပြည်တွင်းအမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် လုပ်ငန်းခွင့်ပြုဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုး




ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် လုပ်ငန်းခွင့်ပြုဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၁**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ချမှတ်ထားသည့် စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍ တည်ဆောက်မှု လုပ်ငန်းများကို ပြည်တွင်း/ပြည်ပကုမ္ပဏီများအား Public Private Partnership (PPP) ပုံစံဖြင့် ပါဝင်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကကဏ္ဍဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ပါဝင်စေခြင်းဆိုသည့် မူဝါဒနှင့် ပြည်တွင်း/ပြည်ပ စာပို့တိုက်လုပ်ငန်းများအား သတင်းအချက်အလက်နည်းပညာဖြင့်လည်းကောင်း၊ ခေတ်မီစက်ပစ္စည်းကိရိယာများကို အသုံးပြု၍လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍လည်းကောင်း၊ ဝန်ဆောင်မှုအရည်အသွေးအား တိုးမြှင့်ဆောင်ရွက်သွားခြင်းဆိုသည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် စာပို့တိုက်လုပ်ငန်း ဝန်ဆောင်မှုအား ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီသုံးခုနှင့် စတင်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုကို စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်းမှာသာမက ဆက်သွယ်ရေးကဏ္ဍမှ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းနှင့် အိုင်တီလုပ်ငန်းများတွင်လည်း ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများနှင့် မည်ကဲ့သို့ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် လုပ်ငန်းများကိုရှာဖွေကာ ဆွေးနွေးညှိနှိုင်း၍ ဥပဒေနှင့်အညီ ခွင့်ပြုပေးရန် အစီအစဉ်ရှိကြောင်း၊ လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဆက်သွယ်ရေးဥပဒေကို ရှေ့နေချုပ်ရုံးမှတစ်ဆင့် လွှတ်တော်သို့တင်ပြပြီး အတည်ပြုနိုင်ရန် ဆောင်ရွက်ထားကြောင်း၊ ယခုနိုင်ငံတော်က ခွင့်ပြုခဲ့သည့် အမြန်ချောပို့လုပ်ငန်းသည် ပြည်သူလူထုအဆင်ပြေချောမွေ့စွာဖြင့် စာနှင့်ချောပစ္စည်းများ ပို့ဆောင်နိုင်ရေး၊ လျင်မြန်စွာနှင့် အပျောက်အရှမရှိဘဲ လုံခြုံစွာပို့ဆောင်ပေးနိုင်ရေးအပြင် ချောစာ/ချောထုပ် ပေးပို့ခနှုန်းထားများကိုလည်း သင့်တင့်သော နှုန်းထားများဖြစ်စေရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ ကျင်းပသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်တွင်း အမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် လုပ်ငန်းခွင့်ပြုဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူစာချုပ် (Registered Service Provider Agreement) လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဆွေးနွေးပြောကြားခဲ့သည်။

*စာမျက်နှာ ၆ ကော်လံ ၅* ◆

ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့သည့် ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၂၀၆)ကို တွေ့ရစဉ်။ (သတင်းစဉ်)

# ၂၃၀ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းမှ ပျက်စီးသွားသောတာဝါတိုင်များအား ပြုပြင်ပြီးစီး နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဓာတ်အားတိုးမြှင့်ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိ



**နေပြည်တော် ဇွန် ၁**

၁၈-၅-၂၀၁၂ ရက်နှင့် ၁၉-၅-၂၀၁၂ ရက်တို့တွင် ကေအိုင်အေလက်နက်ကိုင်အဖွဲ့၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပန်ကနိုင်းကျေးရွာအနီးရှိ ၂၃၀ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၇၃)နှင့် မုန်းဝီးကျေးရွာအနီးရှိ တာဝါတိုင်အမှတ်(၂၀၆၊ ၂၀၇၊ ၂၀၈)တို့အား မိုင်းခွဲဖျက်ဆီးခံရသဖြင့် တာဝါတိုင်များ၏ အောက်ခြေ ခြေထောက်များ ပြတ်ထွက်ခြင်း၊ မြေပြင်သို့ ပြိုလဲပျက်စီးခြင်းတို့ကြောင့် ရွှေလီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ် ပို့လွှတ်နိုင်မှုမရှိခဲ့ရာ ပြည်သူလူထုထံသို့ ဓာတ်အားဖြန့်ဖြူးမှု ထိခိုက်ခဲ့သည်။

**ဖြန့်ဖြူးပေး**

ဓာတ်အားစနစ်အတွင်း ၂၀၀ မဂ္ဂါဝပ် လျော့နည်းခဲ့သဖြင့် အဆိုပါ တာဝါတိုင်များအား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများနှင့် လိုင်းဝန်ထမ်းများက ၂၀-၅-၂၀၁၂ ရက်မှ စတင်၍ ကြိုးစားပြုပြင်ဆောင်ရွက်ခဲ့ရာ ၁-၆-၂၀၁၂ ရက် ညနေ ၄ နာရီတွင် လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်၍ ရွှေလီဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များအား ပြန်လည်မောင်းနှင်ပြီး အဆိုပါဓာတ်အားလိုင်းသို့ ညနေ ၅ နာရီ ၅ မိနစ်တွင် ဓာတ်အားပို့လွှတ်၍ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ကာ ဓာတ်အားပြန်လည်ပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဗီယက်နမ်ကုန်စည်ပွဲတော် ကျင်းပမည်

နေပြည်တော် ဇွန် ၁

**မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား အပြန်အလှန်ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဟိုချီမင်းကုန်စည်ပြပွဲ ၂၀၁၂ ပြပွဲကို ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။**

အဆိုပါပြပွဲတွင် ဗီယက်နမ်ကုမ္ပဏီ ၁၀၀ ခန့်မှ အဝတ်အထည်များ၊ ဖိနပ်များ၊ အလှကုန်ပစ္စည်းများ၊ ဆေးနှင့် ဆေးကိရိယာများ၊ လျှပ်စစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများအား ပြသရောင်းချသွားမည်ဖြစ်သည်။ ယခုနှစ်အစောပိုင်းကာလ၌ ဟိုချီမင်းမြို့တော်နှင့် ရန်ကုန်မြို့တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေး ရည်ရွယ်လျက် မတ် ၁၅ ရက်မှ ၁၈ ရက်အတွင်းကလည်း ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ Ho Chi Min City Expo 2012 ကို ကျင်းပခဲ့ပြီးဖြစ်သည်။

ဇွန်လတွင် ပြုလုပ်မည့် ဟိုချီမင်းကုန်စည်ပြပွဲနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ပြပွဲဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ ကုန်စည်ပြပွဲဌာနစိတ် ဖုန်း-၀၆၇-၄၀၈၄၁၁ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုးရွာသွန်းမှုများ

၁-၆-၂၀၁၂

ဖလမ်းမြို့
၉ ဒသမ ၃၇ လက်မ
ကျိုက်မရောမြို့
၇ ဒသမ ၀၁ လက်မ
ပလက်ဝမြို့
၄ ဒသမ ၆၉ လက်မ
စစ်တွေမြို့
၄ ဒသမ ၃၂ လက်မ
ကျိုက္ခမီမြို့နှင့် ချောင်းဆုံမြို့
၃ ဒသမ ၆၆ လက်မစီ
ထားဝယ်မြို့
၃ ဒသမ ၅၈ လက်မ

## မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မက္ကဆီကို၌ မီးတောင်ပေါက်ကွဲ ကယ်ဆယ်ရေးများဆောင်ရွက် စာ-၄


ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အဇာရင်ကာ နိုင်ပွဲရ စာ-၅
အီတလီဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀ ၌ အူစိန်ဘို့နှင့် အဟူရီတို့ဗိုလ်စွဲ စာ ၅
